ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)



# မော်လိုက်မြို့၌ အစိုးရဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံ



**မော်လိုက် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ အစိုးရဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက မော်လိုက်မြို့ မြို့တော်ခန်းမ၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မော်လိုက်မြို့ရှိ အစိုးရဝန်ထမ်းနှင့် ဝန်ထမ်းမိသားစု ၃၉၈ ဦး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို လူစုလူဝေးမဖြစ်ပေါ်အောင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ သတ်မှတ်ကာ သုံးရက်ကြာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ပထမနေ့တွင် အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၁၀၃ ဦးကို ထိုးနှံပေးနိုင်ခဲ့ကြောင်း ခရိုင်ဆရာဝန်ကြီးထံမှ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဦးဆောင်၍ ခရိုင်/မြို့နယ် ထွေ/အုပ်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် နယ်မြေခံတပ်ရင်းများမှ ဆရာဝန်၊ ဆရာမများ ပူးပေါင်းကာ ဆေးမထိုးမီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ပုံမှန်အခြေအနေရှိမှသာ ကာကွယ်ဆေးများကို စနစ်တကျ ထိုးနှံပေးခဲ့ကြပြီး ကာကွယ်ဆေးထိုးနှံပြီးသူများအား မိနစ် ၃၀ နားနေစေကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ကြေးမုံ ယနေ့ ဖတ်စရာ


### စစ်ကိုမျှော်၍ ခေါ်ကြသည်

စာမျက်နှာ » ၆

### NUG ရဲ့ အနောက်တံခါး ဖွင့်ပေးမယ့်အကြံ ..... တို့ပြည်သူအားလုံး လက်မခံ

စာမျက်နှာ » ၈

### ဇွန် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂၂၅ ဦး တွေ့ရှိ

စာမျက်နှာ » ၁၀



### အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၁၄၈ ဦးရှိ

စာမျက်နှာ » ၁၃

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခြင်းနှင့် ပြည်ပချေးငွေများအား စိစစ်သုံးသပ်ခြင်း

စာမျက်နှာ » ၁၇

ဆရာကြီး ဗိုမိုးနင်း၏ ဆောင်းပါး

### ဆင်းရဲစိတ်ကိုဖျောက် တန်ခိုးကြီးသော အတွင်းစိတ်ကို ပြုပြင်ပါ

စာမျက်နှာ » ၂၀

### ခြင်ကျားအန္တရာယ် ဝိုင်းဝန်းကာကွယ်





စာမျက်နှာ » ၁၉

ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါကင်းဝေးရေး လူတိုင်းလူတိုင်းတက်ကြွစွာပါဝင်

မျက်မှောက်ကာလ၌ ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ တစ်ကျော့ပြန် ကူးစက်မှုမြင့်တက်လာသည်ကို မြင်တွေ့နေရသည်။ ဥရောပနိုင်ငံများတွင် ကူးစက်မှု နေ့စဉ်မြင့်မားနေပြီး မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများတွင်လည်း ရောဂါကူးစက်မှုမြင့်မားနေသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်နေသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှုမှာ ပြီးခဲ့သည့်မေလကုန်မှစ၍ တစ်နေ့ထက်တစ်နေ့ ကူးစက်မှုနှုန်းမြင့်မားနေပြီး လူသေဆုံးသူအရေအတွက်လည်း နေ့စဉ်တိုးနေသည်။

ယနေ့ကမ္ဘာတွင် ကိုဗစ်-၁၉ တတိယလှိုင်းဟု ခေါ်ဆိုနိုင်လောက်သော ရောဂါကူးစက်ပြန့်ပွားမှုမှာ မျိုးရိုးဗီဇပြောင်း ဗီဇမျိုးကွဲ ဗိုင်းရပ်စ်ပိုးမျိုးစိတ်သစ် သုံးမျိုးကြောင့် ကူးစက်ဖြစ်ပွားသေဆုံးမှု မြန်ဆန်နေခြင်းဖြစ်သည်။ ဗိုင်းရပ်စ်ပိုးမျိုးစိတ်သစ်သုံးမျိုးတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ဒယ်တာဗိုင်းရပ်စ်ပိုးသစ်သည် ကူးစက်မှုအမြန်ဆုံးဖြစ်ပြီး ယင်းရောဂါပိုးသစ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အင်္ဂလန်ပြည်သူ့ကျန်းမာရေး၏ သုတေသနပြုထုတ်ဖော်မှုအရ Astra Zeneca ကာကွယ်ဆေးသည် ဗီဇပြောင်းဒယ်တာကြောင့် ဆေးရုံတက်ရခြင်းကို ၉၂ ရာခိုင်နှုန်းကာကွယ်ပေးပြီး Pfizer ကာကွယ်ဆေးသည် ၉၆ ရာခိုင်နှုန်း ကာကွယ်ပေးသည်ဟု သိရသည်။

ကိုဗစ်-၁၉ မျိုးစိတ်သစ်သည် ပိုမိုကူးစက်မှုမြန်ဆန်သည့်အတွက် ကူးစက်ဖြစ်ပွားသူအရေအတွက် ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံတွင်လည်း မြင့်မားတိုးတက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးပညာရှင်များက ရောဂါဖြစ်ပွားမှုမြင့်မားနေသောဒေသများတွင် ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ရန်လိုအပ်လာကြောင်း အကြံပြုပြောကြားကြသည်။ မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ်ရှိ မြို့နယ်ဒေသအချို့ကို မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်ကို စတင်ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နှင့် ဖြူးမြို့နယ်တို့ကို မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ထပ်မံအသိပေးကြေညာခဲ့ပြီးနောက် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်နှင့် ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တို့တွင် နေထိုင်ကြသော ပြည်သူတို့အနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိတို့နေအိမ်တွင် နေထိုင်ပြီး သတ်မှတ်ထားသော ကျန်းမာရေးစည်းကမ်းများနှင့်အညီ နေထိုင်ကြရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ လွန်လွန်ကဲကဲမဖြစ်စေလိုဘဲ လူတိုင်းလူတိုင်း သတိတရားထားပြီး ကျန်းမာရေးစည်းကမ်းများကို လေးလေးစားစားလိုက်နာဆောင်ရွက်ကြရန် လိုအပ်သည်။ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေစနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု မပျက်မကွက်ပြုလုပ်ကြရန်လိုအပ်ပြီး မိမိတို့အချင်းချင်းလည်း ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်"နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်းလူတိုင်း၊ မိသားစုတိုင်းမိသားစုတိုင်းက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာပေါ်တွင် တစ်ကျော့ပြန် ခေါင်းထောင်ထလာနေပါသဖြင့် ရောဂါကင်းဝေးအောင် သတိပြုကြရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်ဘေးထက် အဆမတန်ကြီးမားပါသောကြောင့် ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးကို လူတိုင်းလူတိုင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မစ္စတာ အာဂိုစတီနို အန်ဒရေးဂျီ၊ ကာဗာလျို ဖာနန်ဂျေ့စ်အား မြန်မာနိုင်ငံဆိုင်ရာ အန်ဂိုလာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မစ္စတာ အာဂိုစတီနို အန်ဒရေးဂျီ၊ ကာဗာလျို ဖာနန်ဂျေ့စ်အား ဟန္နိုင်းမြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အန်ဂိုလာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အာဂိုစတီနို အန်ဒရေးဂျီ၊ ကာဗာလျို ဖာနန်ဂျေ့စ်သည် ၁၉၈၉ ခုနှစ်တွင် အန်ဂိုလာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ အန်ဂိုလာကိုယ်စားလှယ်အဖွဲ့ရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အမေရိကန်နှင့် မြောက်အမေရိကန် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် (NAFTA) အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံဆိုင်ရာ အန်ဂိုလာကုန်သွယ်ရေးကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဆိုင်ရာ အန်ဂိုလာကုန်သွယ်ရေးကိုယ်စားလှယ်အဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် အန်ဂိုလာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ရုံး၌ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အန်ဂိုလာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ဒေသ ပထဝီနိုင်ငံရေးဆိုင်ရာဌာန ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၎င်းသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှစတင်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အန်ဂိုလာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၈- ၆ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၅၇၈ | ၅,၂၀၂,၂၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၅၀၂ | ၁,၇၈၂,၁၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁ | ၈,၁၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၂၈၆ | ၅,၇၂၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၃၁ | ၈၅,၂၅၀ |
| EFR | ၃,၂၀၀ | ၃,၂၀၀ | ၃ | ၉,၆၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၈

ရန်ကုန်(ရွှေဈေး) ၁၅၆၆၀၀၀

မန္တလေး(ရွှေဈေး) ၁၅၆၆၀၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း — မြန်မာငွေကျပ်**

| | | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၀၉.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၁၉.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၉.၁၅ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၄၂၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၈.၁၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၈၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၂၀.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၉၇.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၅၃.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၃၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်

**လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ "ညီညွတ်ခြင်းသည် အင်အား" ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာအဆင့်မြင့်ဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဇွန် ၂၈**

အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ရုရှားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ကျော်ထွန်းနှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ရွှေထွန်းတို့ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ Secretary of the Security Council of the Russian Federation, Nikolai Patrushev နှင့် အာဆီယံ- ရုရှား ဆွေးနွေးပွဲအတွက် ညှိနှိုင်းရေးတာဝန်ခံနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ Acting Deputy for Foreign Policy Coordination, Coordinating Ministry for Political, Legal and Security Affairs, Dr. Pribadi Sutino တို့က အဖွင့်အမှာစကားပြောကြားကြပြီး အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံရေးရာနှင့် လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့် စိန်ခေါ်မှုများအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားနိုင်ငံတို့က တစ်နိုင်ငံချင်းအလိုက် ဆွေးနွေးကြသည်။

### မိတ်ဝတ်မပျက်ဆက်ဆံရေး

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံတင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်လာပြီးနောက် အာဆီယံအဖွဲ့ဝင်များအကြား အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံရေးကို ကျင့်သုံးလာသကဲ့သို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် အာဆီယံ၏ အခြားဆွေးနွေးဖက်နိုင်ငံများနှင့်လည်း သာတူညီမျှ မိတ်ဝတ်မပျက် ဆက်ဆံရေးကို ထူထောင်ထားရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဆွေးနွေးဖက်နိုင်ငံတစ်ခုအဖြစ်သာမက မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့သည် အာရှ-ပစိဖိတ်ဒေသအတွင်း တည်ရှိသောကြောင့် အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံရေးဆိုင်ရာမူဝါဒနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ဘုံသဘောထားရပ်တည်ချက်ထားရှိရန် လိုအပ်ကြောင်း၊ မိမိတို့အားလုံးအနေဖြင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ ဒေသတွင်းရှိ ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေး၊ စွမ်းအင်ဆိုင်ရာလုံခြုံရေး၊ အကြမ်းဖက်အန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုတားဆီးကာကွယ်ရေးတို့မှအစပြု၍ လူသားဆိုင်ရာ လုံခြုံရေးနှင့် အစားအသောက်ဆိုင်ရာ လုံခြုံရေးအထိပါ အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ အာဆီယံဒေသနှင့် အာရှ-ပစိဖိတ်ဒေသအတွင်း နိုင်ငံရေးဆိုင်ရာ တိုးတက်မှုတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ မဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းကျော် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို ကျင်းပကာ အများစုအနိုင်ရသည့် နိုင်ငံရေးပါတီကို အာဏာလွှဲအပ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော် ၂၀၁၅ တွင် ရွေးကောက်ပွဲအနိုင်ရရှိလာသော နိုင်ငံရေးပါတီသည် သတင်းမီဒီယာလွတ်လပ်ခွင့်များ အပါအဝင် ဒီမိုကရေစီအခွင့်အရေးများကို ပိတ်ပင်တားဆီးခဲ့သည့်အပြင် စီးပွားရေးကဏ္ဍတွင်လည်း မှားယွင်းသည့် မူဝါဒများကြောင့် မြန်မာကျပ်ငွေ တန်ဖိုးလျော့နည်းကျဆင်းခြင်းများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း။

၂၀၂၀ တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင်လည်း တစ်ပါတီတည်း အများစုအနိုင်ရရှိရန် မဲမသမာမှုများအပါအဝင် မတရားသည့် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ရာ မတရားသဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ထိုသို့ မဲမသမာမှုများကြောင့် လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီနှင့် ရွေးကောက်ပွဲစနစ်အပေါ် ယုံကြည်မှုကင်းမဲ့လာခဲ့ကြောင်း၊ သို့သော် အနိုင်ရပါတီသည် အဆိုပါရွေးကောက်ပွဲရလဒ်အပေါ် အသိအမှတ်ပြုပြီး လွှတ်တော်ခေါ်ယူရန် ကြိုးပမ်းခဲ့သဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် မလွှဲမရှောင်သာဘဲ အာဏာကိုထိန်းသိမ်းခဲ့ရကြောင်း၊ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

သို့သော် ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ကာ ဆူပူအကြမ်းဖက်သူများသည် လမ်းမများကို ပိတ်ဆို့ခြင်း၊ ဓာတ်ဆီပုလင်းဗုံး၊ လက်ပစ်ဗုံး၊ သေနတ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်ခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံမှုကိုထိန်းသိမ်းနိုင်ရန် ခြောက်လှန့်ပစ်ခတ် လူစုခွဲထိန်းသိမ်းခဲ့ရကြောင်း၊ သို့သော် အဖျက်အမှောင့်လုပ်ငန်းများသည် ရပ်တန့်သွားခြင်းမရှိကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရပါတီက ဦးဆောင်၍ လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို တရားမဝင်ဖွဲ့စည်းပြီး နိုင်ငံတော်ဆန့်ကျင်ရေး အဖျက်အမှောင့်လုပ်ငန်းများကို တန်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်း CRPH မှ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို စင်ပြိုင်ဖွဲ့စည်းကာ နိုင်ငံတကာနှင့် ဆက်သွယ်ခြင်း၊ အာဆီယံအဖွဲ့နှင့် ဆက်သွယ်ခြင်းတို့ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို သံတမန်ရေး အကျပ်အတည်းနှင့် စီးပွားရေးအကျပ်အတည်းတို့ ပေါ်ပေါက်စရန် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အာဏာကို စတင်တာဝန်ယူစဉ်ကတည်းက ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရှေ့လုပ်ငန်းစဉ်(၅) ရပ်တွင် "နိုင်ငံတော်အား အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆောင်ရွက်သွားနိုင်ရန်" ဟူ၍ ပါဝင်ကြောင်း။

### အားထုတ်ကြိုးပမ်းလျက်ရှိ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးစုအားလုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတစ်ရပ်ဖော်ဆောင်နိုင်ရေးသာမက နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အားထုတ်ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့ပြင် ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာရေးနှင့် တစ်ပါတီအာဏာရှင်စနစ်သို့ သွေဖည်မသွားစေရေးအတွက် တပ်မတော်တွင် အပြည့်အဝတာဝန်ရှိနေဆဲဖြစ်ကြောင်း၊ ထိုသို့ကြိုးပမ်းရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်များကို ချုပ်ဆိုခဲ့သည့်အပြင် နိုင်ငံရေးစားပွဲဝိုင်းတွင်လည်း တန်းတူရည်တူ ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံရေးနှင့် လုံခြုံရေးအတွက် အခြားနိုင်ငံများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် အခက်အခဲများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အာဆီယံဒေသတွင်းနှင့် အာရှ-ပစိဖိတ်ဒေသ၏ လုံခြုံရေးအခြေအနေများအပေါ် သက်ရောက်မှုရှိမည်မဟုတ်ကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်းရှိ နိုင်ငံရေးရာနှင့် လုံခြုံရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် Secretary of the Security Council of the Russian Federation, Nikolai Patrushev နှင့် အာဆီယံ- ရုရှား ဆွေးနွေးပွဲအတွက် ညှိနှိုင်းရေးတာဝန်ခံနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ Acting Deputy for Foreign Policy Coordination, Coordinating Ministry for Political, Legal and Security Affairs, Dr. Pribadi Sutino တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၈

၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ဇူလိုင် ၉ ရက်တွင် ကျင်းပသွားမည်

အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ရှစ်မျိုးအနက် အမြင့်ဆုံးဘွဲ့တံဆိပ်နှစ်မျိုးဖြစ်သည့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ အမျိုးသား ၁၁ ဦး၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၃၉ ဦးရှိပြီး သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း။

ယခုအခမ်းအနားသည် ဆရာတော်သံဃာတော်များမပါဝင်ဘဲ လူပုဂ္ဂိုလ်များသာ သီးသန့်ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆပ်ကော်မတီများအနေဖြင့် ခမ်းခမ်းနားနား ပြင်ဆင်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့အတူ ကျန်ရှိသည့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ခြောက်မျိုးရရှိကြသော အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၈၅ ဦးတို့ကိုလည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့၏ ဦးဆောင်မှုဖြင့် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် သတ်မှတ်နေရာအသီးသီးတို့၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားများ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ၊ တည်းခိုရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့က ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက် ၂၁ ချက်အပေါ် ဆောင်ရွက်ထားရှိမှုနှင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သတင်းမှတ်တမ်းရိုက်ကူးရေးအတွက် နိုင်ငံပိုင်သတင်းမီဒီယာများဖြင့် ရိုက်ကူးထုတ်လွှင့်နိုင်ရေးနှင့် အခမ်းအနားသို့ ဘွဲ့ခံပုဂ္ဂိုလ်များကို ကင်မရာများ ယူဆောင်ခွင့်မပြုသည့်အတွက် မှတ်တမ်းဓာတ်ပုံ/ဗီဒီယိုများ ကူးယူဆောင်ရွက်ပေးနိုင်ရေး သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီက စီစဉ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် စစ်ဆေးခြင်းများကို ဘွဲ့ခံပုဂ္ဂိုလ်များ၊ အထောက်အကူပြုပုဂ္ဂိုလ်များနှင့် လိုက်ပါဆောင်ရွက်မည့် ဝန်ထမ်းများ၊ ယာဉ်မောင်းများကို ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် ကြိုတင်စစ်ဆေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးဆပ်ကော်မတီက အထူးကြပ်မတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်၍ ခံ့ညားထည်ဝါစွာ ဆောင်ရွက်သွားကြရန်အတွက် ဆပ်ကော်မတီများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၂၁) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရုံးအုပ်နှင့် ဌာနခွဲစာရေးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၂၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုဖွင့်လှစ်သော သင်တန်းသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဦးစီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရုံးအုပ်နှင့် ဌာနခွဲစာရေးများအား မိမိတို့ဌာန၏ ရုံးလုပ်ငန်းနှင့် ငွေစာရင်းဘတ်ဂျက်ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရာတွင် မှန်ကန်တိကျမှုရှိစေရန်၊ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်၊ ဌာနတွင်းထိန်းသိမ်းထားရှိရမည့် စာရွက်စာတမ်းများ၊ အမှုတွဲများကိုစနစ်တကျ စီစဉ်ဆောင်ရွက်နိုင်စေရန်၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို ကောင်းစွာ သိရှိနားလည်စေရန်၊ မိမိအထက် အရာထမ်းများကို အထောက်အကူပြုကူညီပံ့ပိုးနိုင်စေရန်နှင့် မိမိ ကြီးကြပ်ကွပ်ကဲရသော အမှုထမ်းများကို ရှေ့ဆောင်လမ်းပြနိုင်စေရန်အတွက် ရုံးအုပ်နှင့် ဌာနခွဲစာရေးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/၂၀၂၁) ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

### ပို့ချပေးမည်

ယခုသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ညွှန်ကြားချက်များ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စများ၊ တင်ဒါလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ E-Government၊ MLIS၊ စာကြည့်တိုက်ပညာရပ်များအပြင် ရုံးသုံးအင်္ဂလိပ်စာ အခေါ်အဝေါ်များနှင့် အစိုးရလျှို့ဝှက်ချက်အက်ဥပဒေတို့ကို ပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရပ်နားထားသည့် စက်ရုံအလုပ်ရုံများ အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၈**

စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၀) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

**ပြန်လည်လည်ပတ်နိုင်ရေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရပ်နားထားသည့် စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံပိုင်စက်ရုံများမှ ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် ထုတ်ကုန် များကို လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံများပြန်လည် လည်ပတ်နိုင်ရန်နှင့် လည်ပတ်ရန်အဆင်သင့်ဖြစ်စေ ရန်အတွက် လာမည့်ဘတ်ဂျက်နှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်များ တောင်းခံရာ၌ မဖြစ်မနေ သုံးစွဲ ရမည့်စက်များ ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည် လည်ပတ်နိုင်ရန်ဆောင်ရွက်ရမည့် အသုံးစရိတ်များ ကိုသာ ထည့်သွင်းလျာထားရေးဆွဲရမည်ဖြစ်ကြောင်း၊ သာမန်အသုံးစရိတ် တောင်းခံရာတွင်လည်း ထုတ်လုပ် မှုဆောင်ရွက်ရန်အတွက် ကုန်ကြမ်းဝယ်ယူခြင်း၊ စက်လည်ပတ်စရိတ်များ၊ စွမ်းအင်စရိတ်၊ လစာစရိတ်၊ စီမံခန့်ခွဲမှုစရိတ်များကိုသာ ညွှန်ကြားချက်များနှင့် အညီ ထည့်သွင်းရေးဆွဲရမည်ဖြစ်ကြောင်း။



**မှာကြား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက “မြို့တွင်း ပြေးဆွဲသည့် လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန်၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ကို အားပေးရန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို **အခြေခံသည့် ပြည်တွင်းရှိ SME များကို အားပေး ဆောင်ရွက်သွားရန်၊ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့တော်များတွင် ဖွံ့ဖြိုးရေးဇုန်၊ စက်မှုဇုန်များကို လုပ်ဆောင်ရန်၊ ပြည်တွင်း အထည်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် အားပေးဆောင်ရွက်ရန်၊ ပုဂ္ဂလိကပိုင်ပြုလုပ်နိုင်ခြင်းမရှိသော ရပ်နားထား ရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်ရန်၊ သာပေါင်းစက္ကူစက်ရုံနှင့် မှန်စက်ရုံများကို ပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်ရန်၊ ပြည်ပထုတ် ဘိလပ်မြေနှင့် အရည်အသွေးမကွာသော ဘိလပ်မြေ များ ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်ရန်”** စသည် တို့ကို လမ်းညွှန်မှုပြုထားသဖြင့် အမြန်ဆုံးအကောင် အထည်ဖော်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာန များနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၏ လက်ရှိ တွေ့ကြုံနေရသည့် အခက်အခဲများကို သိရှိမှသာ မှန်ကန်သောမူဝါဒများနှင့် ဆက်လက်ဆောင်ရွက် မည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်မည်ဖြစ် ကြောင်း မှာကြားသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်သူများက ရပ်နားထား သည့် စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှု ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ၊ အလုပ်အမှု ဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ပြီး အသင်း၏ မူဝါဒ၊ ရည်ရွယ်ချက်နှင့် လက်ရှိဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြရာ ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက် ပေးနိုင်ရေးအခြေအနေများကို ပြန်လည်ဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ရေစီးရေလာနှင့် လမ်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၇ နာရီခွဲက ရေစီးရေလာစီမံခန့်ခွဲမှု ဌာနမှ ဆောင်ရွက်နေသော မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သမိုင်းလမ်းဆုံအနီး သမိုင်း ချောင်းနှင့် အင်းစိန်လမ်းမြောင်း အတွင်းမှ နုန်းနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



**မှာကြား**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့ သည် မရမ်းကုန်းမြို့နယ် (၄) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း နှင့် မင်းဓမ္မလမ်းဆုံအနီး ဆည်မြောင်းချောင်းသို့ ရောက်ရှိ ပြီး ဆည်မြောင်းချောင်းအတွင်း ၂၁ တန် Long Arm Excavator ဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ ချောင်းအတွင်းမှ နုန်းများ၊ အမှိုက်များဆယ်ယူနေမှု နှင့် ရေစုကန်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် လမ်းနှင့်ယာဉ်ရပ်နား စခန်းများ စီမံခန့်ခွဲမှုဌာနမှ ဆောင်ရွက်နေသာ မင်္ဂလာဒုံ မြို့နယ်ပြည်လမ်းမဘေးကွန်ကရစ် ဘလောက်တုံးခင်း လူသွားစင်္ကြံ ပြုလုပ်နေမှုကို ကြည့်ရှုပြီး လိုအပ် သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းလပ်မြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်

**ကျိုင်းလပ် ဇွန် ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့၌ ယနေ့ နံနက် ၉ နာရီက လူထုစုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို အမှတ် (၁)ရပ်ကွက် ဝမ်လုံကျေးရွာရှိ စေတီကုန်း၌ စိုက်ပျိုးခဲ့သည်။

ထိုသို့စိုက်ပျိုးရာတွင် ကျိုင်းလပ်မြို့ သစ်တောဦးစီးဌာန နယ်မြေ တာဝန်ခံ တောအုပ်ကြီး ဦးဝင်းနိုင်က ပျိုးပင်များကို ဖြန့်ဝေပေးအပ်ရာ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်လင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာနေ ပြည်သူများက လက်ခံရယူပြီး ပျိုးပင်များကို သတ်မှတ် နေရာများ၌ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတွင် အရိပ်ရပင်၊ နှစ်ရှည်ပင်များဖြစ်သော ကျွန်းပင် ၁၅၀၊ ယမနေပင် ၁၅၀၊ မဲဇလီပင် ၁၅၀၊ မန်ကျည်းရှားပင် ၉၀ စုစုပေါင်း ပျိုးပင် ၅၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**



# စစ်ကိုမျှော်၍ ခေါ်ကြသည်

**စာချစ်သူ**

"ဂျပန်လေယာဉ်ပျံတွေ ရန်ကုန်မြို့ကို ဗုံးကြဲပြီးနောက်ရက်မှာ ငါတို့မိသားစုတွေလည်း အမျိုးတွေရှိရာ လေးမျက်နှာမြို့ကို ပြေးရတယ်။ လမ်းမှာ လှေမှောက်လို့ ပစ္စည်းတွေပါသွားတယ်၊ ကျန်တဲ့ပစ္စည်းတွေကို ငါမနှမြောပါဘူး။ စာအုပ်တွေပါသွားတာတော့ အတော်နှမြောတယ်ကွာ"

ငယ်စဉ်မှသည် လူလားမြောက်သည့်တိုင် အဖေ့၏ စစ်အတွင်း ကိုယ်တွေ့ဖြစ်ရပ်များက ကျွန်တော့်အဖို့ မရိုးနိုင်ပါ။ အဖေ့ကိုယ်တွေ့ဖြစ်ရပ်ထဲတွင် ကျွန်တော်အမှတ်ရမိဆုံးဖြစ်ရပ်က တောမီးလောင်တောကြောင်လက်ခမောင်းခတ်သည့် ကိစ္စဖြစ်လေသည်။

"ဂျပန်ခေတ်မှာ ရန်ကုန်က ပြန်စည်ကားလာတော့ တို့တစ်တွေလည်း လှေငှားပြီး ပြန်လာကြတယ်။ လှေသမားတွေကို ငါအစ်မတွေက ပါလာတဲ့ ငါးသေတ္တာတွေ၊ ငါးပိဆီကြော်တွေကို လမ်းမှာ ငါတို့စားသလို သူတို့တွေကိုလည်း ကျွေးတယ်။ ရန်ကုန်ရောက်ခါနီးတော့ လှေသမားတစ်ယောက်က ခင်ဗျားတို့ကို မူလကလမ်းမှာသတ်ပြီး ပစ္စည်းတွေ ယူဖို့ပဲ။ ဒါပေမယ့် ခင်ဗျားတို့က ကျုပ်တို့ကို တစ်လမ်းလုံးကျွေးမွေးလာတော့ ခင်ဗျားတို့လို လူကောင်းတွေကို မသတ်ရက်လို့ ခရီးအဆုံးအထိ လိုက်ပို့တာလို့ပြောတယ်ကွ။ ငါအစ်မတွေလည်း ဓားပြတွေမှန်းသိမှ ကြောက်လိုက်တာ တုန်နေတာပဲ။ မင်းတို့ ဒီခေတ်လူတွေ ဒါတွေကို မသိဘူးကွ၊ စစ်အတွင်းတုန်းက သိပ်ဒုက္ခရောက်တာ"

**သက်ကြီးစကား သက်ငယ်ကြားခွင့်ရခဲ့**

ထိုသို့ အဖေ့ထံမှ ကိုယ်မမီခဲ့ရသည့်ခေတ်ကာလအကြောင်းကို သက်ကြီးစကား သက်ငယ်ကြားခွင့်ရခဲ့သည်မှာ ကျွန်တော့်အဖို့ တန်ဖိုးရှိလေစွ။ အရွယ်ရောက်လို့ စာအုပ်စာပေတွေ လေ့လာဖတ်ရှုတော့ ထိုခေတ်က ပုံရိပ်များကို ဟိုတစ်စ ဒီတစ်စ တွေ့မြင်လာရပြန်သည်။

ဗြိတိသျှကိုလိုနီ နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်ဘဝရောက်ခဲ့ရသော ထိုခေတ်မြန်မာတို့သည် လွတ်လပ်ရေးကို ငတ်မွတ်တောင့်တခဲ့ကြသည်။ ဥရောပတွင် နာဇီဂျာမနီနှင့် ဗြိတိန်၊ ပြင်သစ်မဟာမိတ်တို့ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားချိန်တွင် တို့ဗမာအစည်းအရုံးဝင် သခင်များသည် "အင်္ဂလိပ်အခက် ဗမာ့အချက်" ဟု ခံယူကာ နယ်ချဲ့အင်္ဂလိပ်ကို တွန်းလှန်ရန် လျှို့ဝှက်ကြံစည် ကြိုးပမ်းခဲ့ကြသည်။

ဂျပန်ကလည်း ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ် စသည့် မူလလက်ဟောင်း နယ်ချဲ့များထံမှ ကိုလိုနီနယ်မြေများကို လုယူပြီး ထပ်ဆင့်နယ်ချဲ့နိုင်ရန် ဆင်ကြံကြံနေသည်။ ဂျပန်သည် ထိုအချိန်က တရုတ်ပြည်နှင့် စစ်အကြီးအကျယ်ဖြစ်နေသည်။ အင်္ဂလိပ်နှင့် အမေရိကန်က တရုတ်ပြည်သို့ စစ်လက်နက်ခဲယမ်းမီးကျောက်များ ပေးပို့နေသည်။ ဂျပန်တို့က အင်္ဂလိပ်နှင့် အမေရိကန်တို့၏ သင်္ဘောများမဝင်နိုင်အောင် တရုတ်ပင်လယ်ကမ်းခြေတစ်လျှောက်တွင် ဂျပန်စစ်သင်္ဘောများဖြင့် အခိုင်အမာ ပိတ်ဆို့ထားသည်။ ထို့ကြောင့် အင်္ဂလိပ်နှင့် အမေရိကန်တို့က ရေကြောင်းမှ လက်နက်ရိက္ခာများ မပေးပို့နိုင်၍ တရုတ်-မြန်မာလမ်းမကြီး ဖောက်ကာ ရိက္ခာခဲယမ်းများကို ပေးပို့နေရသည်။

**မြန်မာ့လွတ်လပ်ရေးရလျှင်**

ထို့ကြောင့် ဂျပန်ဘုရင့်တပ်မတော်သည် မီနာမီအော်ဂန်(ခေါ်) တောင်ပိုင်းအဖွဲ့ကို ဖွဲ့စည်း၍ တရုတ်-မြန်မာလမ်းမကြီး၏ ဆက်သွယ်မှုကို ဖြတ်တောက်ရန် ကြိုတင်စီစဉ် ဆောင်ရွက်လျက်ရှိသည်။ တရုတ်-မြန်မာလမ်းမကြီးပျက်စီးနိုင်ရန် အရင်းခံမှာ မြန်မာ့လွတ်လပ်ရေးရလျှင် အလိုလိုပိတ်သွားနိုင်မည်ဟု ယူဆကာ ဗမာလူငယ်မျိုးချစ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဟိုင်နန်ကျွန်းတွင် ရဲဘော်သုံးကျိပ်ကို စစ်ပညာများ သင်ကြားပေးခဲ့သည်။

၁၉၄၁ ခုနှစ် နှစ်ဦးပိုင်းမှစ၍ အာရှအရှေ့တောင်ပိုင်းသို့လည်း စစ်ရိပ်စစ်ငွေ့များက သန်းလာချေပြီ။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ မြန်မာ အပါအဝင် အရှေ့အာရှသာတူညီမျှ ကြီးပွားရေးဆိုသော ဂျပန်တို့၏ ကြွေးကြော်သံနှင့်အတူ "ချယ်ရီပန်းများလည်း ပွင့်နေပါပြီ။ ကျွန်မတို့ ဂျပန်ပြည်ကို တစ်ခါတစ်ခေါက်လာရောက်လည်ပတ်ကြပါရှင်။ ဂျပန်နီပွန်တပ်မတော်ကြီးကိုလည်း ကြိုဆိုကြပါ" ဟူသော ဂျပန်ပြည်မှ အသံလွှင့်ချက်များကလည်း ညစဉ်ညတိုင်းထွက်ပေါ်လာသည်။ အဟုတ်မှတ်၍ မြန်မာပြည်သားများ ဝမ်းသာကြသည်။ အသံလွှင့်ချက်အပေါ် နားဝင်ချိုကြသည်။

နယ်ချဲ့အင်္ဂလိပ်ကလည်း မြန်မာပြည်သို့ မလွဲမသွေ စစ်ရောက်တော့မည်ဟု ယူဆ၍ ၁၉၄၁ ခုနှစ် မတ်လက စတင်ကာ လေကြောင်းရန် ကာကွယ်ရေးကို စီမံကြသည်။ ဗုံးခိုကျင်း တူးခြင်း၊ မြေကတုတ်လုပ်ခြင်း၊ အချက်ပေးဥသြ၊ အေးဥသြ၊ ညမှောင်ချခြင်းများကို နာရီပိုင်းနှင့် လေ့ကျင့်ပေးသည်။ အင်္ဂလိပ်အစိုးရက စစ်အတွက် အလုပ်များလာလေ၊ အင်္ဂလိပ်မုန်းသော မြန်မာလူထုက ဝမ်းသာလေ။ မှောင်ချသောညများတွင် လေယာဉ်ရှာသော မီးမောင်းကြီးများကလည်း ကောင်းကင်မှာ ထင်းထင်းကြီး ထိုးသည်။ ထိုအခါ ဂျပန်လေယာဉ်ပျံလာပါစေဟု ဆုတောင်းသူက တောင်းကြ

**ပစ္စက္ခကာလတွင်လည်း နိုင်ငံရေးအခါတော်ပေး ဦးပုညတို့သည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန်၊ အလုံးစုံပျက်သုဉ်းစေရန် ရှေးရှု၍ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဘယ်နေ့ဘယ်အချိန်မှာ မြို့သိမ်းတိုက်ပွဲ၊ ဘာတိုက်ပွဲ ညာတိုက်ပွဲစတင်ရန်ဟူ၍ အခါတော်ပေးနေကြ . . .**

သည်။ ဂျပန်ကို အမျှော်ကြီး မျှော်ခဲ့ကြသည်။

**ဝမ်းသာအားရ ကြည့်နေကြ**

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက် ၁၀ နာရီခန့်။ ဂျပန်လေယာဉ်ပျံများလာချေပြီ။ မူလမဆွကပင် "အင်္ဂလိပ်တို့အတွက် ခရစ်စမတ်လက်ဆောင်"ဟု ဂျပန်အသံလွှင့်ဌာနက ကြေညာထားခဲ့၍ ရန်ကုန်သားအများစုသည် "ဂျပန်က အင်္ဂလိပ်အဆောက်အအုံနှင့် စစ်ဖက်ဆိုင်ရာဒေသတွေ ချတာပဲ။ တို့မြန်မာကို အာရှတိုက်သားချင်း ညီအစ်ကိုလို့ ဆိုထားတာပဲ။ တို့ရပ်ကွက်မျိုးကို ချမှာမဟုတ်ဘူး"ဟူ၍ ကောင်းကင်တိုက်ပွဲကို ရုပ်ရှင်ကြည့်သလို ဝမ်းသာအားရ ကြည့်နေကြသည်။ စဉ်းစားဉာဏ်ကြီးသော လူကြီးများသာလျှင် ဗုံးခိုကျင်းထဲ၌ ကြောက်ဒူးတုန်နေကြသည်။

စစ်ကိုမျှော်၍ ခေါ်ကြသူ အများစုမှာမူ ဂျပန်စစ်လေယာဉ်များ၏ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်တို့ကြောင့် အတုံးအရုံးသေကျေ ပျက်စီးခဲ့ကြရရှာသည်။ ဗိုလ်တထောင်ဘက်၊ ကမ်းနားလမ်း၊ အနော်ရထာလမ်းနှင့် သိမ်ကြီးဈေးတို့တွင် လူတွေသောက်သောက်လဲ သေခဲ့ကြသည်။

ဗိုလ်တထောင်ရပ်ကွက်တစ်ခုတည်းမှာပင် ထိုခေတ်သတင်းစာများ၏ ခန့်မှန်းချက်အရ စုစုပေါင်း လူ ၃၀၀၀ ကျော် သေသည်ဟု ဖော်ပြခဲ့ကြသည်။ သင်္ချိုင်းများတွင် အလောင်းချင်းထပ်၍ ပုံထားရသည်။ ကွမ်းခြံဘူတာရုံအနီးရှိ သင်္ချိုင်းတစ်ခုတွင် အလောင်း အပြတ်အသတ်၊ အကြီးအငယ်၊ အထီးအမ အရွယ်အစားအမျိုးမျိုး စုပုံထားရသည်။

**မှတ်တမ်းတင်ရေးသား**

အခါခပ်သိမ်း ကြိတ်ကြိတ်တိုးအောင် စည်ကားလှသော သိမ်ကြီးဈေးကြီးမှာ မွန်းတည့် ၁၂ နာရီ အချိန်ကြီးတွင် လူသူဆို၍ နှစ်ယောက်၊ သုံးယောက်မျှသာရှိတော့သည်။ ဆရာကြီးရွှေဥဒေါင်းက "ကျွန်ုပ်တို့ နှစ်ယောက်လမ်းလျှောက်သွားသည့် ခြေသံများသည် ကျွန်ုပ်တို့အား ထိတ်လန့်စေမတတ် မြည်ဟိန်းဆူညံလျက်ရှိပါတော့သည်။ တောနက်ကြီးထဲ၌ တိတ်ဆိတ်ခြင်းသည် ကြောက်စရာကောင်းပါ၏။ သို့ရာတွင် စည်ကားလှသော မြို့ကြီးအလယ်၌ အစည်ကားဆုံးသော ဌာနတစ်ခုတွင် အစည်ကားဆုံးသောအချိန်အတွင်း တိတ်ဆိတ်ခြင်းကား (မကြုံရဖူးခြင်းအတွက်ကြောင့်) သာ၍ ထိတ်လန့်ဖွယ် ကောင်းလှသည်" ဟု တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်တွင် မှတ်တမ်းတင်ရေးသားခဲ့ပါ၏။

ရန်ကုန်မြို့ထဲမှာ လူတွေမနေဝံ့ကြတော့။ ရွှေတိဂုံဘုရားကြီးနှင့် ကန်တော်ကြီး၊ ကန်တော်လေးရပ်ကွက်များသို့ သွေးရူးသွေးတန်းနှင့် ပြေးပြီး သစ်ပင်သစ်ရိပ်တို့အောက်တွင် ခိုလှုံနေကြသည်။ နံနက် ၁၀ နာရီလောက်မှစတင်၍ နာရီပြန်တစ်ချက်လောက်မှ အေးဥသြဆွဲနိုင်သည်။ ထိုနေ့မှစ၍ အင်္ဂလိပ်ခေတ် ရန်ကုန်မြို့ကြီး ပျက်စီးလေသည်။

တကယ်စစ်ဖြစ်ပြီဆိုလျှင် ရန်ကုန်မြို့ကြီးမှာ နေမဖြစ်တော့ပြီကို သည်တစ်ချီတည်းနှင့်သိကြ၍ နောက်တစ်နေ့ ၂၄ ရက်တွင် ရန်ကုန်သားများ အလုံးအရင်းနှင့် ကိုယ့်ဆွေမျိုး ကိုယ့်အဆက်ရှိရာဒေသများသို့ ထွက်ခွာကုန်ကြသည်။ ငွေကြေးတတ်နိုင်သူများက မော်တော်ကားစီးလုံးငှား၍ သွားကြသည်။ အချို့ငွေကြေးရှိပါကလည်း ကားငှား၍မရကြ။ ဒီဇင်ဘာ ၂၃ ရက် ဗုံးကြဲပြီးသည့်အချိန်မှစတင်၍ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များတွင် မီးရထားလမ်း၊ မော်တော်ကားလမ်း၊ သင်္ဘောလမ်းတို့တွင် တင်းကျမ်းလူပြည့်ကျပ်လျက်ဖြစ်နေသည်။

**တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သွား**

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့။ ရန်ကုန်မြို့ကို ဂျပန်များ ဒုတိယအကြိမ်လာ၍ ဗုံးကြဲကြပြန်သည်။ ဗုံးကြဲလေယာဉ် ၈၀ နှင့် တိုက်လေယာဉ် ၂၀ ပါဝင်သည်။ နံနက် ၁၀ နာရီ ခန့်မှာပင် စတင်သည်။ သည်တစ်ကြိမ်တော့ ရန်ကုန်သားများ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သွားသည်။ ပထမအကြိမ်လောက် သေကျေမပျက်စီးသည့်တိုင် အရပ်သူ အရပ်သား ၇၅၀ မျှသေ၍ ၁၇၀၀ ခန့် ဒဏ်ရာရခဲ့ကြသည်။ မီးလောင်ဗုံးများပါ၍ အလုံရပ်ကွက် မီးလောင်သည်။ သန်လျင်ဘီအိုစီနှင့် ရန်ကုန်မြစ်ကမ်းရေနံထားသိုရာတို့တွင် မီးခိုးများ အူထွက်နေသည်။

ထိုအချိန်တွင် ရန်ကုန်မြို့ထဲ လူမနေကြတော့။ တစ်မြို့လုံး မီးလည်းမထွန်းရဲ၍ မှောင်မည်းနေသည်။ လူလည်းမရှိ အလွန်တိတ်ဆိတ်နေသည်။ တစ်ရပ်တစ်ကျေးကို မပြေးနိုင်သူအချို့က ရွှေတိဂုံဘုရားရင်ပြင်တော်နှင့် ဇရပ်တန်ဆောင်းတို့တွင် လတ်တလောပြေးဝင်ခိုလှုံကြလေသည်။ ရန်ကုန်မြို့ကြီး ပျက်စီးပြီဖြစ်၍ စားသောက်ဆိုင်များလည်း မရှိတော့။ နေဖို့တွင်မက စားဖို့တွင်လည်း အခက်တွေ့ရလေပြီ။ စစ်ကိုကြိုကြသူများ၊ မျှော်ကြခေါ်ကြသူများ၏ စိတ်ကူးနှင့် လက်တွေ့ဘဝသည် များစွာကွာခြားခဲ့လေသည်။

ပစ္စက္ခကာလတွင်လည်း နိုင်ငံရေးအခါတော်ပေး ဦးပုညတို့သည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန်၊ အလုံးစုံပျက်သုဉ်းစေရန် ရှေးရှု၍ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဘယ်နေ့ဘယ်အချိန်မှာ မြို့သိမ်းတိုက်ပွဲ၊ ဘာတိုက်ပွဲ ညာတိုက်ပွဲ စတင်ရန်ဟူ၍ အခါတော်ပေးနေကြသည်။

အရေးပေါ်အခြေအနေ သတိပေးစာအဖြစ် ပြည်သူများ မိမိအိမ်တွင်း Safe Shelter မှာ ပုန်းခိုကြရန်၊ Ensure လို အာဟာရဆေးမှုန့်များကို ဘူးလိုက်ဆောင်ထားကြရန်၊ ရိက္ခာ၊ ဆေးဝါးများ သိုမှီးထားကြရန် လှုံ့ဆော်ရေးသားလျက်ရှိကြသည်။

**စစ်ကိုမျှော်၍ ခေါ်နေကြ**

စစ်၏ သဘောသဘာဝနှင့် စစ်၏ အနိဋ္ဌာရုံများ၊ စစ်ဘေးအန္တရာယ်များ၊ စစ်၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် စစ်ဘေးဒုက္ခများကို မသိနားမလည်သူအချို့နှင့် အာဃာတကိုရှေ့တန်းတင်၍ အစွန်းရောက်နေသူအချို့သည် ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် စစ်ကိုမျှော်၍ ခေါ်နေကြသည်။ မြို့ပြသို့တကယ်တမ်း စစ်ပွဲများရောက်လာပြီဆိုမှဖြင့် . . .

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့က ဂျပန်စစ်လေယာဉ်များကို "တို့ရပ်ကွက်မျိုး ချမှာမဟုတ်ဘူး"ဟူ၍ လက်ထွက်ပြကြိုဆိုကြသည့် ဘုမသိ ဘမသိ စစ်ကိုမျှော်၍ခေါ်ခဲ့ကြသူများ၊ မကောင်းသူထိပ် ကောင်းသူထိပ်ဟု ဗုံးတွေချ၊ စက်သေနတ်နှင့် မွှေသွားကြသည့် ဂျပန်စစ်လေယာဉ်ပျံများ၊ သောက်သောက်လဲ အတုံးအရုံး သေဆုံးကျန်ရစ်ခဲ့ကြသည့် မြို့ခံလူထုများ၊ "မင်းတို့ဒီခေတ်လူတွေ ဒါတွေကို မသိဘူးကွ။ စစ်အတွင်းတုန်းက သိပ်ဒုက္ခရောက်တာ" ဟူသည့် သက်ကြီးစကား သက်ငယ်ကြား အဖေ့စကားသံများကို ပြန်လည် မြင်ယောင် ကြားယောင်မိပါ၏။

**၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့က ဂျပန်စစ်လေယာဉ်များကို "တို့ရပ်ကွက်မျိုး ချမှာမဟုတ်ဘူး"ဟူ၍ လက်ထွက်ပြကြိုဆိုကြသည့် ဘုမသိ ဘမသိ စစ်ကိုမျှော်၍ခေါ်ခဲ့ကြသူများ၊ မကောင်းသူထိပ် ကောင်းသူထိပ်ဟု ဗုံးတွေချ၊ စက်သေနတ်နှင့် မွှေသွားကြသည့် ဂျပန်စစ်လေယာဉ်ပျံများ၊ သောက်သောက်လဲ အတုန်းအရုန်းသေဆုံး ကျန်ရစ်ခဲ့ကြသည့် မြို့ခံလူထုများ၊ "မင်းတို့ဒီခေတ်လူတွေ ဒါတွေကိုမသိဘူးကွ။ စစ်အတွင်းတုန်းက သိပ်ဒုက္ခရောက်တာ" ဟူသည့် သက်ကြီးစကား သက်ငယ်ကြား အဖေ့စကားသံများကို ပြန်လည် မြင်ယောင် ကြားယောင်မိ . . .**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။


**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့်စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက်ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ MRTV က တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခြင်း







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်ကြီးဒေါ်အေးသဇင်မြင့်က MRTV မှ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ပါသည်-

မေး။ ဇွန်လ ၂၇ ရက် မွန်းလွဲပိုင်းက ဂန့်ဂေါမြို့မှ ကလေးမြို့ဘက်ကိုသွားတဲ့ နစက ဘက်က တပ်သားအင်အား ၅၀ ပါ စစ်ကားသုံးစီးကို ကလေး PDF က ချုံခိုတိုက်ခိုက်ခဲ့ပြီး စစ်သားကိုးဦးကျဆုံးတယ်ဆိုပြီး ခေတ်သစ်မီဒီယာက ဖော်ပြထားတာကို တွေ့ရပါတယ်။ အဲဒီသတင်းကို အတည်ပြုပေးစေလိုပါတယ်။

ဖြေ။ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်လုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ကလေး-ဂန့်ဂေါသွားကားလမ်း ကလေးမြို့နယ် နတ်ချောင်းကျေးရွာအကျော်မှာ အကြမ်းဖက်လက်နက်ကိုင်များက လက်နက်ငယ်၊ တူမီးသေနတ်များနဲ့ ပစ်ခတ်တဲ့အတွက် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ အကြမ်းဖက်လက်နက်ကိုင်များက ဆယ်မိနစ်လောက်ပဲ နှောင့်ယှက်ပစ်ခတ်ခဲ့ပြီး အနောက်ဘက်ကို ထွက်ပြေးသွားခဲ့ပါတယ်။ စစ်ကားသုံးစီးကို ကလေး PDF က ချုံခိုတိုက်ခိုက်ခဲ့ပြီး စစ်သားကိုးဦးကျဆုံးတယ်ဆိုတဲ့ Khit Thit Media ရဲ့ သတင်းကတော့ သတင်းအမှားဖြစ်ပါတယ်။

မေး။ မရမ်းကုန်းမြို့ ဘုရင့်နောင်တံတားအနီးသမိုင်း (၁) ရပ်ကွက် လဝကရုံး နောက်ကျောတွင် ဗုံးပေါက်ကွဲပြီးနောက် တပ်မတော်က ရပ်ကွက်ထဲထိ ဝင်ရောက်ပစ်ခတ်မှုများရှိကြောင်း ခေတ်သစ်သတင်းမီဒီယာမှ ဖော်ပြထားရှိမှုကို အခြေအနေမှန် သိလိုပါတယ်။

ဖြေ။ ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် ဗိုလ်ချုပ်လမ်းနဲ့ (၁၂) လမ်းထောင့်၌ လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလာသော မော်တော်ယာဉ်အနီး လက်လုပ်ဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့ပါတယ်။ အဆိုပါ လက်လုပ်ဗုံးအား Honda Fit (အဖြူရောင်) ယာဉ်တစ်စီးက (၁၂) လမ်းဘက်မှ မောင်းဝင်လာကာ ဗိုလ်ချုပ်လမ်းပေါ်၌ ပစ်ချထားခဲ့ပြီး မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်းနဲ့ အဝေးမှဖုန်းဖြင့် ဖောက်ခွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ယာဉ်မှာ အနည်းငယ်ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးနဲ့ ပြည်သူတစ်ဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ပါတယ်။ လက်လုပ်ဗုံးဖောက်ခွဲခဲ့သည့် ယာဉ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေလျက်ရှိပြီး ရပ်ကွက်အတွင်းဘာပစ်ခတ်မှုမှမရှိကြောင်း ပြောလိုပါတယ်။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# NUG ရဲ့ အနောက်တံခါး ဖွင့်ပေးမယ့်အကြံ ..... တို့ပြည်သူအားလုံး လက်မခံ

## ပြည်ထောင်စုသားတစ်ဦး

သာစွဋ္ဌာနီ ရခိုင်ပြည်နယ်ကို ပြည်ထောင်စုသားများက အနောက်တံခါးလို့ တင်စားသတ်မှတ်ခဲ့ကြတယ်။ ရခိုင်ပြည်နယ်ရဲ့ မြောက်ဘက်ဆုံး တောင်ကုန်းဒေသမှ တောင်ဘက် ဂွမြို့နယ်အဆုံး ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျောက်ချွန်ဝအထိ အလျားမိုင်ပေါင်း ၃၆၀ ခန့် ရှည်လျားတယ်။ ရခိုင်ပြည်နယ်ဟာ မြောက်ဘက်မှာ အတန်ငယ်ကျယ်ပြန့်ပြီး တောင်ဘက်သို့ ကျဉ်းမြောင်းရှည်လျားလာရာ လိမ္မော်သီးစိတ်ပုံ သဏ္ဌာန်ရှိတယ်။ မြောက်ဘက်မှာ မိုင်ပေါင်း ၁၀၀ ခန့်ကျယ်ဝန်းပြီး တောင်ဘက်အရပ်က မိုင် ၂၀ ခန့် ကျယ်ဝန်းတယ်။

**စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ခန့် ကျယ်ဝန်း**

ရခိုင်ပြည်နယ်ဟာ စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ခန့် ကျယ်ဝန်းပြီး မြောက်ဘက်မှာ ချင်းပြည်နယ် ပလက်ဝမြို့နယ်နဲ့ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ တည်ရှိတယ်။ တောင်ဘက်မှာ ရောဝတီတိုင်းဒေသကြီးက သာပေါင်းမြို့၊ အရှေ့ဘက်မှာ ရခိုင်ရိုးမ တောင်တန်းကြီးဖြင့် နယ်နိမိတ်သတ်မှတ်ထားတဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်နဲ့ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၊ အနောက်ဘက်မှာ ဘင်္ဂလားပင်လယ်အော်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ တည်ရှိတယ်။

နတ်မြစ်၊ မယူမြစ်၊ ကုလားတန်မြစ်(ကစ္ဆပနဒီ)၊ လေးမြို့မြစ်၊ မယူတောင်တန်း (ခေါ်) မေယုတောင်တန်း၊ မင်းကြီးတောင်၊ စိုင်းတင်တောင်၊ ဖရုံကာကျွန်း၊ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းစတဲ့ ရေသယံဇာတ၊ မြေသယံဇာတတွေဟာ ဒေသခံ ရခိုင်တိုင်းရင်းသားများနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ရဲ့ နှလုံးသည်းပွတ်ဖြစ်တယ်။ အရှေ့ ဖရုံကာကျွန်း(ခေါ်) အင်ဂရားချိုင်ကျွန်းမှာ ရေနံအနည်းငယ်ထွက်ရှိခဲ့လို့ ရှေးအခါက အီးဇီးကယ်လ် အင်္ဂလိပ်ရေနံကုမ္ပဏီက ရေနံတူးဖော်ခဲ့ဖူးတယ်။

ရခိုင်ပြည်နယ်ရဲ့မြေသယံဇာတအရ ဆန်စပါး၊ ငရုတ်ကောင်း၊ နှမ်း၊ မြေပဲ၊ ဆေးရွက်ကြီး၊ ရော်ဘာ၊ ဆီအုန်းစတဲ့ စိုက်ပျိုးရေးလုပ်ငန်းအပြင် ရေလုပ်ငန်းပါ စီးပွားဖြစ် ဖြစ်ထွန်းအောင်မြင်တယ်။ ရေနံနဲ့သဘာဝဓာတ်ငွေ့၊ အဆင့်မြင့်သံသတ္တုနဲ့ ကျောက်သလင်း (မာဘယ်လ်ကျောက်) အပါအဝင် သဘာဝသယံဇာတတွေ ပေါကြွယ်ဝတယ်။

ရခိုင်ပြည်နယ်မှာ ရခိုင်တိုင်းရင်းသားများအပြင် သက်၊ ဒိုင်းနက်၊ မြို(ခေါ်) ခမီ တိုင်းရင်းသားမျိုးနွယ်စုတွေလည်း ရှေးယခင်ကတည်းက နေထိုင်ခဲ့ကြတယ်။

၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး မြန်မာပြည်တစ်ပြည်လုံး အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့တဲ့ကာလမှာတော့ ကိုလိုနီနယ်ချဲ့တွေဟာ သူတို့ရဲ့စီးပွားရေး အကျိုးအမြတ်အတွက် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ Market Economy ကို ပြောင်းပစ်လိုက်တယ်။ အထူးသဖြင့် အောက်မြန်မာပြည်မှာ လယ်ယာမြေရိုင်းတွေက အများကြီးရှိတော့ ပြည်ပကို ဆန်စပါးရောင်းထုတ်နိုင်ဖို့ စီစဉ်ဆောင်ရွက်လာတယ်။

စူးအက်တူးမြောင်းဖွင့်တဲ့အချိန်မှာ လယ်ယာမြေတွေကို အတင်းတိုးချဲ့လာခဲ့တယ်။ တိုးချဲ့တဲ့အခါ အလုပ်သမားတွေ လိုလာတဲ့အတွက် အိန္ဒိယက ခေါ်ယူခဲ့တယ်။ ဒ့ါအပြင် Infrastructure တွေ ဆောက်တဲ့နေရာမှာလည်း နဂိုကတည်းက ကျွမ်းကျင်မှုရှိတယ်ဆိုတဲ့ အိန္ဒိယသားတွေကို ခေါ်လာတယ်။ မီးရထားမောင်းလည်း အိန္ဒိယ၊ သင်္ဘောမောင်းတဲ့ စလင်တို့ အလုပ်သမားတို့ဆိုတာလည်း အိန္ဒိယ၊ မြေတိုင်းစာရေးလည်း အိန္ဒိယ၊ နောက်ဆုံး လန်ချားဆွဲတဲ့သူကလည်း အိန္ဒိယပဲ။

**အာရှတိုက်ရဲ့ စပါးကျီတစ်ခု**

အဲဒီခေတ်က မြန်မာနိုင်ငံဟာ အာရှတိုက်ရဲ့ စပါးကျီတစ်ခုဖြစ်ခဲ့တယ်။ ထိုခေတ်မှာ ဆန်တန်ချိန် သုံးသန်း၊ လေးသန်း ပို့နိုင်ခဲ့တယ်။ သို့ပေမယ့် မြန်မာတောင်သူလယ်သမားတွေက ဒီအကျိုးအမြတ်ကို မခံစားခဲ့ရပါဘူး။ အရင်းအနှီးတွေက ဗြိတိသျှဘဏ်ကြီးတွေကနေ လယ်သမားတွေဆီကို တိုက်ရိုက်မရောက်ဘူး။ ကြားခံချစ်တီးတွေက တစ်ဆင့်ခံသွားတယ်။ ချစ်တီးတွေက အင်္ဂလိပ်ဘက်ကနေ အတိုးနှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းနဲ့ယူပြီးတော့ မြန်မာတောင်သူလယ်သမားတွေကို ငါးရာခိုင်နှုန်း၊ ခြောက်ရာခိုင်နှုန်းနဲ့ ပြန်ပြီးချေးတယ်။ တစ်နှစ်ကုန်လို့ မဆပ်နိုင်တဲ့အခါ နှစ်ပြန်တိုးဆိုပြီး ထပ်ထပ်တက်တက်သွားတဲ့အတွက် မြန်မာတွေရဲ့ လယ်တွေအကုန်လုံး ချစ်တီးလက်ထဲထိုးအပ်လိုက်ရတဲ့အခြေအနေဖြစ်ခဲ့တယ်။

တစ်ဖက်ကလည်း မြန်မာနိုင်ငံဟာ ရေကြည်ရာ မြက်နုရာနိုင်ငံဖြစ်လို့ ထိုစဉ်ကစနစ်ကြောင့်၊ စီးပွားရေးကြောင့် အခက်အခဲဖြစ်နေကြတဲ့ အိမ်နီးချင်းနိုင်ငံများက နိုင်ငံသားတွေဟာ မြန်မာနိုင်ငံထဲကို တစ်ဝမ်းတစ်ခါးဝမ်းဝဖို့ ရွှေ့ပြောင်းအခြေချလာကြတယ်။

မြန်မာပြည် လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း ဝင်လာမစဲ တသဲသဲပဲ။ သို့ကလိုကြောင့် ဆရာကြီးသော်တာဆွေက “ရေကြည်ရာ မြက်နုရာ” ဆောင်းပါးမှာ ဤမြေချာသည် ကမ္ဘာ့မျက်စိတွင် ရေကြည်ရာ မြက်နုရာ ဖြစ်နေပါသောကြောင့် အနောက်ကလဲ လာသည်။ အရှေ့ကလဲ လာသည်။ ရေထဲကလဲ လာသည်။ မိုးပေါ်ကလဲ လာသည်။ မြေကြီးကလဲ လာသည်။

အတိအလင်းလဲ လာသည်။

တိတ်တိတ်ပုန်းလဲ လာသည်။

အထက်တန်းကျကျ အစိုးရနှင့် ဖက်စပ်လုပ်၍လဲလာသည်။

**“လာ … လာ … ဗမာပြည်သည် ကမ္ဘာအရှည်၊**
**ရေကြည်ရာ မြက်နုရာမြေ၊**
**ဘာသာတိုင်းပြန့်ပွားရာမြေ၊**
**ပန်းတိုင်းပွင့်စေတဲ့မြေ၊**
**ကပြားကဂတစ် ဗန်ဒစ်ဗန်ဒတ်တို့**
**ပေါက်ဖွားရာမြေ”** လို့ ရေးသားခဲ့တယ်။

ရေကြည်ရာ မြက်နုရာ ရေခံမြေခံကောင်းမွန်သော ရခိုင်ပြည်နယ်သို့လည်း လူဦးရေပေါက်ကွဲမှုနှုန်းမြင့်တက်နေတဲ့ တစ်ဖက်နိုင်ငံက နိုင်ငံသားများ အလုံးအရင်းနှင့် ဝင်ရောက်လာကြတယ်။ စိုက်ပျိုးရေးနဲ့ ရေလုပ်ငန်းတွေ ဝင်လုပ်ရင်း အဆင်ပြေလာတော့ အခြေချလာကြတယ်။ အိမ်ထောင်သားမွေးရင်း လူဦးရေကလည်း တစ်စတစ်စ တိုးပွားလာတယ်။

**နဂါးမင်းစစ်ဆင်ရေး**

သို့ကလိုကြောင့် ၁၉၇၈ ခုနှစ်မှာ နိုင်ငံတော်က တစ်ဖက်နိုင်ငံမှတရားမဝင် ဝင်ရောက်လာသူများအား စစ်ဆေးသည့် “နဂါးမင်းစစ်ဆင်ရေး”ကို ဆောင်ရွက်ခဲ့ရတယ်။

သို့ပေမယ့် ကျေးရွာများရှိတရားမဝင်ဝင်ရောက်လာသူများဟာ ရွာတွေကိုမီးရှို့၊ ဒေသခံတွေကို ရန်ပြုပြီး တစ်ဖက်နိုင်ငံသို့ ပြန်လည်ထွက်ပြေးသွားကြတယ်။ ပြည်ပရဲ့ ဖိအားတွေအပြင် အိမ်နီးချင်းနှစ်နိုင်ငံဆက်ဆံရေးဟာလည်း တင်းမာခဲ့ကြလို့ နောက်နှစ်မှာ “ဟသ်ာစီမံချက်”ဆိုပြီး တရားမဝင် ဝင်ရောက်ခဲ့တဲ့ အိမ်ထောင်စုတွေကို ပြန်လည်လက်ခံခဲ့ရတယ်။

သို့ကြောင့်မို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌဦးနေဝင်းဟာ နိုင်ငံသားဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ဖို့ ကြိုးစားခဲ့တယ်။ ပညာရှင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး တစ်နိုင်ငံလုံးမှာ ဆန္ဒတွေခံယူပြီးမှ နိုင်ငံသားဥပဒေကို အသေအချာပြုစုရေးဆွဲစေခဲ့တယ်။

နိုင်ငံသားဥပဒေနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌကြီးဦးနေဝင်းက မိန့်ခွန်းပြောကြားရာမှာ **“၁၈၂၄ ခုနှစ်နောက်ပိုင်းကစပြီးတော့ လွတ်လပ်ရေးရတဲ့အထိ ဒီကြားအတွင်းမှာ ကျွန်တော်တို့ နိုင်ငံအတွင်းကို နိုင်ငံခြားသားတိုင်းတစ်ပါးသားတွေဟာ အဆီးအတားမရှိ အကြောင်းကြောင်းတွေကြောင့် ဝင်ခဲ့ကြပါတယ်။ အဲဒီဝင်တဲ့အကြောင်းကလည်း စီးပွားရေးအများဆုံး၊ စီးပွားရေးကြောင့်လာကြပါတယ်။ ဦးဆုံးလာတာကတော့ ကျွန်တော်တို့နိုင်ငံကို အုပ်ချုပ်သွားတဲ့အင်္ဂလိပ်ပေါ့။ သူ့နောက်က အဆွယ်အပွားတွေ အနေနဲ့ကတော့ အများကြီးပဲ ရောက်လာခဲ့တယ်။ ဒီတော့ ဒီလောက်ပဲပြောကြပါစို့ရဲ့။**

**ဒီနိုင်ငံခြားက အကြောင်းကြောင်းကြောင့် ရောက်လာကြတဲ့ ဒီလူတွေကိုပြန်ပြီးတော့ နှင်ထုတ်လို့လည်း လက်တွေ့ဖြစ်နိုင်တဲ့ အခြေအနေမရှိဘူး။ ဒ့ါအပြင်လည်းပဲ လူလူချင်းစာနာတဲ့သဘောနဲ့ ရောက်နေပြီးမှတော့ ဒီလောက်ကြာ နှစ်ရှည်လများနေပြီးတော့မှတော့ သူတို့ကို စိတ်ချမ်းချမ်းသာသာလေးနေပါစေဆိုတဲ့စေတနာ ကျွန်တော်တို့ထားဖို့လိုလာတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က သူတို့ကိုအခုဥပဒေမှာတော့ “ဧည့်နိုင်ငံသား” ဆိုပြီးတော့ အမည်တပ်လိုက်တယ်။**

**ဧည့်သည်အဖြစ်နဲ့ ရောက်လာကြ**

**ဒါ ဘာလို့တပ်ရတာလည်းဆိုတော့ ဟိုးအရင်တုန်းက ကျွန်တော်တို့နိုင်ငံသားချည်းပဲ၊ ကျွန်တော်တို့တိုင်းရင်းသားတွေချည်းပဲ။ သို့ပေတယ်လို့ ဒီလူတွေဟာ ဧည့်သည်အဖြစ်နဲ့ ရောက်လာကြတယ်။ အဲဒီဧည့်သည်အဖြစ်နဲ့ ရောက်လာကြရာကနေပြီးတော့ မပြန်နိုင်၊ ဒီမှာပဲခေါင်းချကြတော့မယ်ဆိုပြီးတော့ ခေါင်းချမယ့်ဘဝရောက်နေပြီ။**

**အဲဒီတော့ ခေါင်းချရမယ့်ဘဝရောက်နေတော့ ကျွန်တော်တို့နိုင်ငံသားအဖြစ်နဲ့ ကျွန်တော်တို့ လက်ခံတယ်ထား၊ လူလူချင်းစာနာတဲ့သဘောနဲ့ သူတို့ကို သက်ညှာတယ်ဆိုပေတယ်လို့ ကိုယ့်ကိုအန္တရာယ်ဖြစ်အောင်တော့ သက်ညှာလို့မဖြစ်ဘူး။ သက်ညှာတယ်ဆိုတာက ဒီတိုင်းပြည်မှာ နေထိုင်ခွင့်ပေးမယ်၊ ဒီတိုင်းပြည်မှာ လုပ်စားကိုင်စားခွင့် တရားသဖြင့်ပေ့ါလေ၊ အလုပ်ကို လုပ်ကိုင်စားခွင့်ပေးမယ်၊ သို့သော်လည်း အချို့အချက်အလက်တွေမှာတော့ တစ်တိုင်းတစ်ပြည်လုံးနဲ့ ပတ်သက်တဲ့ကိစ္စတွေ တိုင်းပြည်ကြမ္မာကို ဖန်တီးမယ့်ကိစ္စတွေမှာတော့ သူတို့ဟာ ဝင်ပြီးတော့ ခြယ်လှယ်နိုင်မယ့် အဲဒီလိုကိစ္စတွေမှာတော့ သူတို့ကိုချန်ထားရလိမ့်မယ်။ ဒါဟာသူတို့ကို ကျွန်တော်တို့ မုန်းလို့မဟုတ်ဘူး။ သို့သော်လည်း လက်တွေ့မှာ အဲဒီတိုင်းပြည်ကြမ္မာကို ဖန်တီးနိုင်တဲ့နေရာမျိုးမှာ သူတို့ကိုထားလို့ရှိရင် မတော်လို့များ သူတို့က သူတို့တာဝန်ကို အကျေအပွန် တိုင်းပြည်ပေါ်မှာ အကျေအပွန်မဆောင်ရွက်ဘဲနဲ့ ဖောက်လို့ရှိရင် ကျွန်တော်တို့ တိုင်းပြည် ဒုက္ခရောက်လိမ့်မယ်။**

**ဒီဥပဒေကိုဆွဲတာဟာ တော်တော်အချိန်ယူပြီးတော့လေ၊ အားလုံးသိတဲ့အတိုင်းပဲ တစ်တိုင်းပြည်လုံးကို တိုင်ပင်ပြီးတော့ဆွဲတာပဲ။ အဲဒီဥပဒေကို ရေးတဲ့အခါကျတော့ အကြမ်းရေးတာဟာ အောက်မှာတော့ ဘယ်နှခါရေးတယ် မပြောတတ်ဘူး။ ကျွန်တော့်ဆီရောက်ပြီးမှ ထပ်ထပ်ပြီး ကျွန်တော်တွေ့ရတာဟာ ခြောက်ခါလောက်ရှိမယ်။ စကားအသုံးအနှုန်း အချို့အချက်တွေကျန်လို့”** စသဖြင့် ထည့်သွင်းပြောကြားခဲ့တယ်။

မြန်မာနိုင်ငံသားဥပဒေကို ၁၉၈၂ ခုနှစ်အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယအစည်းအဝေးမှာ အတည်ပြုခဲ့တယ်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေလို့ ထင်ရှားကျော်ကြားခဲ့တယ်။ ဒီဥပဒေကို ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့နဲ့ ပြည်တွင်းက အမျိုးသားရေးသစ္စာဖောက်ပုဆိန်ရိုးတွေက လုံးဝမနှစ်မြို့ခဲ့ကြဘူး။ ဆင်ကြံကြံပြီး အခါအခွင့်ကို စောင့်နေကြတယ်။

> **တပ်မတော်ဟာ တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသတည်ငြိမ်ရေးနဲ့ ဒေသခံတိုင်းရင်းသားမိဘပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ရေးအတွက် စစ်ဆင်ရေးတွေ ပြန်လည်ဆင်နွှဲတဲ့အခါကျတော့ အနောက်နိုင်ငံကြီးများနဲ့ အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအချို့ဟာ လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ပုံဖော်စွပ်စွဲလာပြီး ဘင်္ဂါလီများကို ရိုဟင်ဂျာလူမျိုးလို့ ပုံဖော်လာခဲ့ကြ။**

စာမျက်နှာ ၉ သို့ ☆

# ရန်ကုန်တိုင်းဒေသကြီး ဆန်စပါးစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေးပွဲ Myanmar - China (juangsu) ပူးပေါင်းကျင်းပ

**ရန်ကုန်  ဇွန်  ၂၈**

ရန်ကုန်တိုင်းဒေသကြီး၏ ဆန်စပါးစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ သိရှိနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ဆန်စပါးစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် Myanmar – China (juangsu) Chamber Of Commerce and Industry Incorporated တို့ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီး၏ ဆန်စပါးစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ကျင်းပသည်။



### အဓိကစိုက်ပျိုး

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအောင်သန်းဦးက ရန်ကုန်တိုင်းဒေသကြီး၏ ဆန်စပါးစိုက်ပျိုးရေး အခြေအနေများကို ရှင်းလင်းဆွေးနွေးမည်ဖြစ်သည့်အတွက် တက်ရောက်လာသူများ များစွာအကျိုးရှိပြီး ရင်းနှီးမြှုပ်နှံမှုများကို မြန်မြန်ဆန်ဆန် လုပ်ဆောင်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ယနေ့အချိန်တွင် ကမ္ဘာ့အရပ်ရပ်မှ ရင်းနှီးမြှုပ်နှံသူများက စီးပွားရေးအရ တွက်ခြေကိုက်မည့် နေရာဒေသများကို ရှာဖွေပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံသူများဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သိရှိရန် ဆွေးနွေးပွဲများကို များများကျင်းပပေးဖို့ လိုအပ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် စိုက်ပျိုးမြေဧက ၁၁ သိန်းခန့်ရှိပြီး အဓိကစိုက်ပျိုးရေးမှာ ဆန်စပါး၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်တို့ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင် ငါးမွေးမြူရေးကန်ဧကပေါင်း ၈၀၀၀၀ ကျော်နှင့် ငါး၊ ပုစွန် မွေးမြူရေးကို အဓိကလုပ်ကိုင်ကြကြောင်း၊ ကြက်၊ ဝက်များကိုလည်း ပြည်တွင်းလုပ်ငန်းရှင်များသာမက နိုင်ငံတကာလုပ်ငန်းရှင်များပါ လာရောက်လုပ်ကိုင်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် လယ်/ယာ သားငါးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မည့် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံတန်ဖိုးမြှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သကဲ့သို့ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်သည့် အခွင့်အလမ်း များစွာကျန်ရှိနေသေးကြောင်း၊ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်ပေါင်း ၂၉ ခုရှိပြီး သီလဝါအထူးစီးပွားရေးဇုန် တည်ရှိသည့်အတွက် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရေးကို အခြေခံသည့် တန်ဖိုးမြှင့်ထွက်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများတွင် လာရောက်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Myanmar – China (juangsu) Chamber of Commerce and Industry Incor–porated ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ဆန်စပါးစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအခြေအနေကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးက စပါးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဆန်စပါးစိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆွေးနွေးပွဲသို့ တက်ရောက်လာသူများသည် မှော်ဘီမြို့နယ် ဆန်စပါးသုတေသနဗဟိုခြံနှင့် လှည်းကူးမြို့နယ် သေနပ်ပြင်ကျေးရွာရှိ မျိုးစေ့ထုတ်စိုက်ခင်းပြုလုပ်မည့် ပျိုးခင်းများကို ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ – စောလှိုင်ဝင်း**

■

---

☆ စာမျက်နှာ ၈ မှ

သို့နှင့် မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလ ၂၀၁၂ ခုနှစ် ဦးသိန်းစိန် ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ မေလ ၂၈ ရက်ကဖြစ်ပွားခဲ့တဲ့ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ဖြစ်စဉ်နဲ့ ဇွန်လ ၃ ရက်က ဖြစ်ပွားခဲ့တဲ့ သံတွဲခရိုင် တောင်ကုတ်မြို့ဖြစ်စဉ်တို့အပေါ် အကြောင်းပြုပြီး ၂၀၁၂ ခုနှစ် ဇွန်လမှာ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှာ တည်ငြိမ်အေးချမ်းရေးနဲ့ ဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေတဲ့ လူစုလူဝေးနဲ့ အုပ်စုဖွဲ့၍ဥပဒေမဲ့ဆောင်ရွက်မှုများ၊ လူအုပ်စုဖွဲ့ ရိုက်နှက်သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့တယ်။

### ရခိုင်ပြည်နယ်ရဲ့ အနောက်တံခါး

အဆိုပါဖြစ်စဉ်က အစပြုပြီး အိုအိုင်စီဟာ ဘာသာရေးအရ နယ်မြေပိုင်ဆိုင်ခွင့်၊ ကိုလိုနီလက်သစ် အနောက်နိုင်ငံကြီးအချို့က အင်အားကြီးထွားလာတဲ့ တရုတ်ပြည်ကြီးရဲ့ ပင်လယ်ထွက်ပေါက်နဲ့ အကျိုးစီးပွားအပေါ် တန်ပြန်လိုတဲ့ ပထဝီနိုင်ငံရေးအရ ခလောက်ဆန်မှုတွေကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ရဲ့ ရခိုင်ပြည်နယ်ရဲ့အနောက်တံခါးဟာ မတည်မငြိမ် ဖြစ်လာခဲ့တယ်။

၂၀၁၆ ခုနှစ် NLD အစိုးရအသစ် တက်လာတဲ့အချိန်မှာတော့ အရှိန်အဟုန်ဟာ ပိုမြင့်လာတယ်။ အယ်လ်ကေဒါ၊ အိုင်အက်စ်နဲ့ တောင်အာရှဒေသက ဘာသာရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့တွေနဲ့ ချိတ်ဆက်ထားတဲ့အာဆာ (ARSA) အကြမ်းဖက်အဖွဲ့ဝင်တွေဟာ လုံခြုံရေးစခန်းတွေကိုပါ ဝင်ရောက်တိုက်ခိုက်လာတယ်။

**တပ်မတော်ဟာ တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသတည်ငြိမ်ရေးနဲ့ ဒေသခံတိုင်းရင်းသားမိဘပြည်သူများရဲ့အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ရေးအတွက် စစ်ဆင်ရေးတွေ ပြန်လည်ဆင်နွှဲတဲ့အခါကျတော့ အနောက်နိုင်ငံကြီးများနဲ့ အိုအိုင်စီအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအချို့ဟာ လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ပုံဖော်စွပ်စွဲလာပြီး ဘင်္ဂါလီများကို ရိုဟင်ဂျာလူမျိုးလို့ ပုံဖော်လာခဲ့ကြတယ်။**

**NLD အစိုးရဟာ မြန်မာ့အရေးကို ကမ္ဘာ့အရေးအဖြစ် သက်ရောက်စေမယ့် ကိုဖီအာနန်ကော်မရှင်ကို ဆွဲသွင်းလာတယ်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ အကြံပြုချက်တွေပါဝင်တဲ့ ကိုဖီအာနန်အဖွဲ့ရဲ့ အစီရင်ခံစာတင်တဲ့နေ့ညပိုင်းမှာပဲ ယခင်တစ်ခါထက် ပိုကြီးတဲ့အင်အားနဲ့ နောက်ထပ်တစ်ကြိမ်ထပ်အတိုက်ခံရပြန်ပါတယ်။ ရခိုင်တိုင်းရင်းသားတွေသာမက ဟိန္ဒူလူမျိုးတွေပါ အစုလိုက်အပြုံလိုက် အသတ်ခံလိုက်ရ။**

လွတ်လပ်ရေးရပြီးကတည်းက ဘင်္ဂါလီနိုင်ငံရေးလှုပ်ရှားသူတွေဟာ ကိုယ်ပိုင်နယ်မြေအဖြစ် လိုချင်ခဲ့ကြတယ်။ တချို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေလောက်ဆို ကျေနပ်တယ်။ တချို့ သီးခြားနိုင်ငံထောင်ဖို့၊ သို့မဟုတ် အရှေ့ပါကစ္စတန်နဲ့ပေါင်းဖို့၊ တချို့က ရခိုင်တစ်ပြည်လုံးဆွဲထည့်ပြီး အာရကန်ဒေ့ရှ်နိုင်ငံလုပ်ဖို့၊ အနိမ့်ဆုံးကိုယ်ပိုင်နယ်မြေရဖို့ ရည်ရွယ်ပြီး ကိုယ်ပိုင်လူမျိုးလက္ခဏာနဲ့ သီးခြားလူမျိုးလက္ခဏာဖြစ်လာအောင် ရိုဟင်ဂျာဆိုတာကို ဖန်တီးယူခဲ့ကြတယ်။

၂၀၁၂ ခုနှစ် အရေးအခင်းဟာ ဒီအိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ အလွန်ကောင်းတဲ့ အခွင့်အရေးကြီးဖြစ်သွားခဲ့ပါတယ်။ နိုင်ငံရေးအရ ARU ပေါ်လာပြီး ကမ္ဘာ့ မျက်နှာစာမှာ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားလာကြတယ်။ နိုင်ငံတကာဥပဒေကို အသုံးချချင်တာနဲ့ မြန်မာ့တပ်မတော်ကို Genocide ကိစ္စဆိုပြီး ပုံဖော်ဖန်တီးလာကြတယ်။

သို့ကလို အခြေအနေမျိုးမှာ **NLD အစိုးရဟာ မြန်မာ့အရေးကို ကမ္ဘာ့အရေးအဖြစ် သက်ရောက်စေမယ့် ကိုဖီအာနန်ကော်မရှင်ကို ဆွဲသွင်းလာတယ်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ အကြံပြုချက်တွေပါဝင်တဲ့ ကိုဖီအာနန်အဖွဲ့ရဲ့ အစီရင်ခံစာတင်တဲ့နေ့ ညပိုင်းမှာပဲ ယခင်တစ်ခါထက် ပိုကြီးတဲ့အင်အားနဲ့ နောက်ထပ်တစ်ကြိမ် ထပ်အတိုက်ခံရပြန်ပါတယ်။ ရခိုင်တိုင်းရင်းသားတွေသာမက ဟိန္ဒူလူမျိုးတွေပါ အစုလိုက်အပြုံလိုက် အသတ်ခံလိုက်ရတယ်။**

### ပြည်တွင်းပြည်ပမီဒီယာတွေ

တပ်ကဝင်ရှင်းတော့ ICG က ချက်ချင်းဆိုသလို တပ်က ရွာတွေကို မီးရှို့နေပါတယ်ဆိုပြီး Google earth ဂြိုဟ်တုဓာတ်ပုံနဲ့တင်လာတယ်။ CNN၊ BBC၊ Reuters၊ နယူးယော့ခ်တိုင်း၊ ဝါရှင်တန်ပို့စ် အပါအဝင် ပြည်တွင်းပြည်ပမီဒီယာတွေကလည်း ကြိုတင်ဓာတ်တိုက်ထားသလို ဆွမ်းကြီးဝိုင်းလောင်းကြတယ်။ HRW က ထအော်တယ်။

ဒီနောက်မှာ ယန်ဟီးလီတို့၊ UN Fact Finding Mission(FFM)တို့၊ International Impartial and Independent Machanism(IIIM)တို့ ဝင်လာပြီး ICC, ICJ ဓာတ်လမ်းတွေ ပေါ်လာခဲ့ပါတယ်။

ပစ္စက္ခ မြန်မာနိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အတွင်းမှာတော့ အမျိုးသားညီညွတ်ရေးအစိုးရလို့ဆိုတဲ့ NUG အဖွဲ့ဟာ မြန်မာနိုင်ငံလုံးဆိုင်ရာ မွတ်ဆလင်လူမျိုးစုများ အတိုင်ပင်ခံကော်မတီနဲ့ ပြီးခဲ့တဲ့ ဇွန် ၁၉ ရက်က ပထမဆုံးတွေ့ဆုံခဲ့တယ်။

NUG အစိုးရရဲ့ ရိုဟင်ဂျာမူဝါဒ ထုတ်ပြန်ပေးတာ၊ လူထုဆန္ဒမပါဘဲ ရေးဆွဲထားတဲ့ ၁၉၈၂ နိုင်ငံသားဥပဒေကို ဖျက်သိမ်းမယ်ဆိုတဲ့ကိစ္စတွေကို ကော်မတီအနေနဲ့ ကြိုဆိုကြောင်း အဆိုပါကော်မတီရဲ့သတင်းထုတ်ပြန်ချက်ကို တွေ့ရတယ်။

ယခုရက်ပိုင်းကျင်းပတဲ့ (၁၀၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကလည်း "Resolution for a return to demo–cracy and respect for fundamental rights in Myanmar" ခေါင်းစဉ်ပါ အဆိုမူကြမ်းမှာ "ရိုဟင်ဂျာ" ဆိုတဲ့အသုံးအနှုန်းကို အသုံးပြုပြီး အဆိုမူကြမ်းကို ဇွန် ၁၉ ရက်မှာ အတည်ပြုချမှတ်ခဲ့တယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း ၂၀၂၁ ခုနှစ် ဇွန်လ ၂၂ ရက် ရက်စွဲနဲ့ အဆိုမူကြမ်းပါ မတရားစွပ်စွဲချက်များအပြင် "အထူးသဖြင့် နိုင်ငံရေးရည်ရွယ်ချက်များဖြင့် တီထွင်ဖန်တီးထားသည့် ရိုဟင်ဂျာဟူသည့် အသုံးအနှုန်းကို မြန်မာအစိုးရနှင့် ပြည်သူများ အသိအမှတ်ပြုခြင်းမရှိဘဲ ပယ်ချသည်" ဆိုပြီး သတင်းထုတ်ပြန်ခဲ့ပါတယ်။

သို့ကြောင့်မို့ လတ်တလော NUG ရဲ့ ရိုဟင်ဂျာမူဝါဒနဲ့ ၁၉၈၂ နိုင်ငံသားဥပဒေ ဖျက်သိမ်းမယ်ဆိုတဲ့ ကိစ္စဟာလည်း ရှေးမြန်မာဘိုးဘွားတွေနဲ့ မြန်မာနိုင်ငံအပေါ် အမျိုးသားရေးသစ္စာဖောက်ဖျက်ပြီး မြန်မာတို့ရဲ့အနောက်တံခါးကို ဖွင့်ပေးမယ့် အကြံအစည်ကြီးဖြစ်တဲ့အတွက် သမိုင်းတရားခံသာမက သမိုင်းရဲ့ဒဏ်ခတ်ခြင်းကိုပါ ခံယူရမှာဖြစ်ကြောင်း သတိပေးတင်ပြလိုက်ရပါတယ်။ ။

# ဇွန် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂၂၅ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၇-၆-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၈-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၅၈၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၂၂၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၁၈,၁၇၀) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၅၄,၃၈၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၉၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၅,၇၀၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၃၀၉) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၇၆၂) ခု | (၁၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၇) ခု | (၁၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၄) ခု | (၃၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၃) ခု | (၂) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၄) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၇၂) ခု | (၄၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၅) ခု | (၁၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၁၂၉) ခု | (၈၅၆) ဦး |
| **စုစုပေါင်း** | **(၆,၅၈၆) ခု** | **(၁,၂၂၅) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၉၄၆၉၀ | ၂၈၉၂၇၃၃၅ | ၆၁၉၄၂၄ |
| ၂။ | အိန္ဒိယ | ၃၀၂၇၉၃၃၁ | ၂၉၃၀၉၆၀၇ | ၃၉၆၇၆၁ |
| ၃။ | ဘရာဇီး | ၁၈၄၂၀၅၉၈ | ၁၆၆၁၃၉၉၂ | ၅၁၃၅၄၄ |
| ၄။ | ပြင်သစ် | ၅၇၇၀၀၂၁ | ၅၆၀၂၉၅၁ | ၁၁၀၉၆၈ |
| ၅။ | ရုရှား | ၅၄၇၂၉၄၁ | ၄၉၆၉၃၄၀ | ၁၃၃၈၉၃ |
| ၆။ | တူရကီ | ၅၄၀၉၀၂၇ | ၅၂၇၅၂၃၁ | ၄၉၅၇၆ |
| ၇။ | ဗြိတိန် | ၄၇၃၂၄၃၄ | ၄၃၁၆၅၁၄ | ၁၂၈၁၀၀ |
| ၈။ | အာဂျင်တီးနား | ၄၄၀၅၂၄၇ | ၄၀၂၇၅၁၀ | ၉၂၅၆၈ |
| ၉။ | အီတလီ | ၄၂၅၈၀၆၉ | ၄၀၇၃၄၃၅ | ၁၂၇၄၇၂ |
| ၁၀။ | ကိုလံဘီယာ | ၄၁၅၈၇၁၆ | ၃၈၅၄၄၅၇ | ၁၀၄၆၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၁၃၅၉၉၈ | ၁၈၅၉၉၆၁ | ၅၇၅၆၁ |
| ၂။ | ဖိလစ်ပိုင် | ၁၄၀၃၅၈၈ | ၁၃၂၇၁၀၃ | ၂၄၄၅၆ |
| ၃။ | မလေးရှား | ၇၃၉၂၆၆ | ၆၇၂၄၅၃ | ၅၀၀၁ |
| ၄။ | ထိုင်း | ၂၄၉၈၅၃ | ၂၀၂၂၇၁ | ၁၉၃၄ |
| ၅။ | မြန်မာ | ၁၅၄၃၈၅ | ၁၃၅၇၀၃ | ၃၃၀၉ |
| ၆။ | စင်ကာပူ | ၆၂၅၅၃ | ၆၂၁၉၅ | ၃၆ |
| ၇။ | ကမ္ဘောဒီးယား | ၄၈၅၃၂ | ၄၂၇၆၄ | ၅၅၆ |
| ၈။ | ဗီယက်နမ် | ၁၅၇၄၀ | ၆၃၁၉ | ၇၆ |
| ၉။ | လာအို | ၂၁၁၀ | ၁၉၈၆ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၅၉ | ၂၄၅ | ၃ |

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့် တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက် (၂၂-၆-၂၀၂၁)ရက်နေ့ နံနက် ၈ နာရီမှစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center) ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ နေ့စဉ် နံနက် ၈ နာရီမှ ည ၉ နာရီအတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် -

(၁) ၀၆၇-၃၄၁၁၅၀၈
(၂) ၀၆၇-၃၄၁၁၅၀၉
(၃) ၀၆၇-၃၄၁၁၁၄၄
(၄) ၀၉-၈၈၂၅၅၇၉၉၁
(၅) ၀၉-၈၈၂၅၅၇၉၉၂
(၆) ၀၉-၈၈၂၅၅၇၉၉၃

သတင်းစဉ်



# နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုများပြုလုပ်



မြိုင်မြို့နယ်

ဓာတ်ပုံ - သူရ (ပုံတောင်)




ဇီးကုန်းမြို့နယ်

ဓာတ်ပုံ - တင့်ဆွေ(ပြန်/ဆက်)



တွံတေးမြို့နယ်

ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)



ကျောက်ဖြူမြို့နယ်

ဓာတ်ပုံ - တင်ထွန်းဦး(ပြန်/ဆက်)



ဝေါမြို့နယ်

ဓာတ်ပုံ - အောင်မြတ်လင်း(ပြန်/ဆက်)



ပွင့်ဖြူမြို့နယ်

ဓာတ်ပုံ - ရဲဝင်းနိုင်(ပြန်/ဆက်)



မင်းပြားမြို့နယ်

ဓာတ်ပုံ - ခင်မောင်ထွန်း(ပြန်/ဆက်)



ချီဖွေမြို့နယ်

ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)

# အီဂျစ်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ နှစ်နိုင်ငံဆက်ဆံရေး တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ကိုင်ရို ဇွန် ၂၈**

အီဂျစ်သမ္မတ အယ်လ်စီစီသည် အစ္စရေးဝန်ကြီးချုပ်သစ် ဘန်နက်အား တယ်လီဖုန်းဖြင့် ယနေ့ ဆက်သွယ်ခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း အီဂျစ်သမ္မတရုံးက ၎င်း၏ တရားဝင်လူမှုမီဒီယာ စာမျက်နှာပေါ်တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ထိုသို့ဆွေးနွေးရာတွင် သမ္မတအယ်လ်စီစီက အရှေ့အလယ်ပိုင်းဒေသအတွင်း ပြည့်ဝစုံလင်သော ငြိမ်းချမ်းရေးမရမချင်း အစ္စရေးနှင့် ပါလက်စတိုင်းအကြား တရားမျှတပြီး ထာဝစဉ်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရလဒ်တစ်ခု ဖော်ဆောင်ပေးနိုင်မည့် ကြိုးပမ်းအားထုတ်မှုအားလုံးအပေါ် အီဂျစ်အစိုးရ အနေဖြင့် ထောက်ခံအားပေးပါကြောင်း အလေးထား ပြောကြားခဲ့သည်ဟု အီဂျစ်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဘာဆမ်ရာဒီက ပြောကြားသည်။

ထို့အပြင် အယ်လ်စီစီက အစ္စရေးနှင့် ပါလက်စတိုင်းအကြား တင်းမာမှုအရှိန်မြင့်မားလာခြင်းမှ ကာကွယ်တားဆီးရန်နှင့် ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အီဂျစ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှု အရှိန်မြှင့်ဆောင်ရွက်ရန် အရေးကြီးပုံကိုလည်း အတည်ပြုခဲ့ကြောင်း ရာဒီက ထပ်မံပြောကြားသည်။

တစ်ချိန်တည်းမှာပင် ဘန်နက်က ဒေသအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေး၊ ဂါဇာ ကမ်းမြောင်ဒေသတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တစ်ရပ် ဖော်ဆောင်ရေးနှင့် အကျဉ်းသားများ လဲလှယ်ရေးဆွေးနွေးမှုအတွက် ကြားဝင်ဖျန်ဖြေပေးရန် အီဂျစ်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် တန်ဖိုးထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမေရိကန်က ဦးဆောင်ပြုလုပ်သော ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီးနောက် အီဂျစ်နှင့် အစ္စရေးတို့၏ ဆက်ဆံရေးများ တိုးတက်ပြောင်းလဲလာမှုကို ချီးကျူးဂုဏ်ပြုပါကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောသည်။



အစ္စရေးဝန်ကြီးချုပ်ဘန်နက်နှင့် အီဂျစ်သမ္မတ အယ်လ်စီစီ

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**



# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၆၅၀ ရှိ

**မော်စကို ဇွန် ၂၈**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၁၆၅၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၅၄၇၂၉၄၁ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဇွန် ၂၈ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၆၁၁ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၃၃၈၉၃ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၂၆၂၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၉၆၉၃၄၀ ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၇၂၄၆ ဦးရှိခဲ့သဖြင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၃၄၆၁၈၃ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ ရုရှားနိုင်ငံတစ်ဝန်း၌ ဇွန် ၂၇ ရက်အထိ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၈၀၉၈၂၁၃ လုံးအား အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ကမ္ဘောဒီးယားနိုင်ငံ ထပ်မံလက်ခံရရှိ

**ဖနောင်ပင် ဇွန် ၂၈**

ကမ္ဘောဒီးယားအစိုးရသည် တရုတ်ဆေးဝါးကုမ္ပဏီ Sinovac Biotech ထံမှ ဝယ်ယူထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနောက်တစ်သုတ်ကို မြို့တော်ဖနောင်ပင်တွင် ယနေ့လက်ခံရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံပိုင် ရုပ်သံလွှင့်ဌာနဖြစ်သည့် တီဗွီကေက ကြေညာသည်။

ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံထုတ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအား ယခုကဲ့သို့ ထပ်မံလက်ခံရရှိခြင်းသည် ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့အကြား နီးစပ်သောဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု၏ သက်သေအထောက်အထားတစ်ရပ်ပင်ဖြစ်ကြောင်း၊ ကာကွယ်ဆေးသည် ပြည်သူများ၏ အသက်ကယ်တင်နိုင်ရေးအတွက် အဓိကဖြေရှင်းနည်းတစ်ခုဖြစ်သကဲ့သို့ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုအားလုံး နာလန်ထူရေးအတွက် မဟာဗျူဟာဖြေရှင်းနည်းတစ်ခုလည်းဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်သံလွှင့်ဌာနက ဖနောင်ပင် လေဆိပ်သို့ ကာကွယ်ဆေးရောက်ရှိစဉ် ကြေညာ သည်။

တစ်ချိန်တည်းမှာပင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာတရုတ်သံရုံးက ဖနောင်ပင်လေဆိပ်သို့ တရုတ်နိုင်ငံထုတ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ရောက်ရှိလာကြောင်းကို ၎င်း၏ လူမှုမီဒီယာ စာမျက်နှာပေါ်တွင် အတည်ပြုခဲ့ပြီး တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ပူးတွဲတိုက်ဖျက်မှုသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးမှုဘောင်တစ်ခုကို ဖန်တီးပေးရာရောက်ကြောင်း ဆက်လက်ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် လူဦးရေ ၁၆ သန်းခန့် ရှိသည့်အနက် လူဦးရေ ၁၀ သန်းကျော်အား ယခုနှစ်ကုန်ပိုင်းတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန်စီစဉ်ထားပြီး နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၆ ဒသမ ၈၃ သန်းခန့် သုံးစွဲခဲ့ပြီး ပြည်သူ ၃ ဒသမ ၉၅ သန်းခန့်သည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူခဲ့ပြီးဖြစ်ကာ ကျန် ၂ ဒသမ ၈၈ သန်းခန့်သည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် စလုံးထိုးနှံမှုခံယူခဲ့ကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီး အော်ဗန်ဒိုင်းက ပြောကြားသည်။

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၈၃ ဦး ထပ်မံတွေ့ရှိပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၄၈၅၃၂ ဦးရှိလာသည်။ အလားတူ ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါဖြင့် တစ်ရက်အတွင်း လူနာ ၁၆ ဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၅၅၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။ သို့သော် ကမ္ဘောဒီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ လူနာ ၆၀၇ ဦး ရောဂါကင်းစင်ပြီး စောင့်ကြည့်ရေးစင်တာများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၇၆၄ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**




# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ငါးထောင်ကျော်ရှိလာ

**ကွာလာလမ်ပူ ဇွန် ၂၈**

မလေးရှားနိုင်ငံ၌ ဇွန် ၂၈ ရက်တွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၅၇ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၀၀၁ ဦးရှိလာကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ဇွန် ၂၈ ရက်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၁၈ ဦးရှိကြောင်းနှင့် ယင်းတို့အနက် ၅၂၁၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း၊ ခုနစ်ဦးသည် ပြည်ပမှ ပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၅၂၁၈ ဦးရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၃၉၂၆၆ ဦးရှိလာကြောင်းလည်း သိရသည်။

မလေးရှားနိုင်ငံသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်ရန်အတွက် ဇွန် ၁ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုကို ချမှတ်ခဲ့ခြင်းဖြစ်ပြီး မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းများမှလွဲ၍ စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများကို ပိတ်ပင်တားမြစ်ထား ကြောင်းသိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဇူလိုင် ၁၉ ရက်မတိုင်မီ ဖြေလျှော့သွားမည်မဟုတ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဂျွန်ဆင် ပြောကြား



**လန်ဒန် ဇွန် ၂၈**

နိုင်ငံအတွင်း ချမှတ်ထားသည့် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဇူလိုင် ၁၉ ရက်မတိုင်မီ ဖြေလျှော့သွားမည်မဟုတ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကျန်းမာရေးဝန်ကြီး ဆာဂျစ်ဂျာဗစ်နှင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးနောက် ပြောကြားသည်။

နိုင်ငံအတွင်း အဆိုပါရောဂါကြောင့် သေဆုံးသူအရေအတွက်နှင့်ဆေးရုံတက်ရောက်ကုသမှုခံယူသူအရေအတွက် ကျဆင်းလျက်ရှိသော်လည်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်တက်လျက်ရှိကြောင်း စကိုင်းနယူးစ်ရုပ်သံဌာနအား ဂျွန်ဆင်က ပြောကြားသည်။ ထို့ပြင် လာမည့်သီတင်းပတ်သုံးပတ်အတွင်း ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဇူလိုင် ၁၉ ရက်တွင် ကာကွယ်ဆေးအလုံးရေ ငါးသန်းကိုလည်း နိုင်ငံသားများအား ထိုးနှံပြီးစီးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များ ရုပ်သိမ်းရေးကို အမြန်ဆောင်ရွက်လိုသော်လည်း ထိုသို့ဆောင်ရွက်ပါက နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှု အခြေအနေများ ပြန်လည်ဆိုးရွားလာမည်ဖြစ်ကြောင်း ဆာဂျစ်ဂျာဗစ်က ပြောကြားသည်။

နိုင်ငံအတွင်း ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့မှုမြင့်တက်လာသဖြင့် ဗြိတိန်နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့မည့်အစီအစဉ်ကို ဝန်ကြီးချုပ် ဂျွန်ဆင်က သီတင်းလေးပတ်ကြာ ရွှေ့ဆိုင်းခဲ့သည်။

ဗြိတိန်နိုင်ငံ လူဦးရေ၏ ၄၄ ဒသမ ၃ သန်းကျော်မှာ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးသူများဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၃၂ ဒသမ ၄ သန်းကျော်မှာ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးစီးသူများဖြစ်သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ငါးသိန်းကျော်ရှိလာ

**ရီယိုဒီဂျနေးရိုး ဇွန် ၂၈**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၇၃၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၁၃၄၇၄ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၇၀၄ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈၄၂၀၅၉၈ ဦးရှိလာကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် ကိုဗစ်–၁၉ ရောဂါကူးစက်မှုတွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏နောက်တွင် တတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးမှုတွင်မူ အမေရိကန်နိုင်ငံ၏နောက်တွင် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသည့် ပြည်သူတစ်သိန်းလျှင် လူဦးရေ ၂၄၄ ဦးနှုန်း သေဆုံးလျက်ရှိကြောင်းလည်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၄၆၁၄၈ ဦးရှိ

**နယူးဒေလီ ဇွန် ၂၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၄၆၁၄၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၀၂၇၉၃၃၁ ဦး ရှိလာကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၉၇၉ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၉၆၇၃၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ယခုကဲ့သို့ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၀၀ အောက်ကျဆင်းခဲ့သည်မှာ နှစ်လခွဲကျော်ကြာရှိခဲ့ပြီဖြစ်ကြောင်းလည်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၅၇၂၉၉၄ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၅၈၅၇၈ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၂၉၃၀၉၆၀၇ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**



# တရုတ်နိုင်ငံမှထောက်ပံ့သော CoronaVac ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိ




**မနီလာ ဇွန် ၂၈**

ဖိလစ်ပိုင်နိုင်ငံသို့ တရုတ်နိုင်ငံ Sinovac ကုမ္ပဏီက ထုတ်လုပ်သော CoronaVac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ယနေ့ ရောက်ရှိလာကြောင်း သိရသည်။

၎င်းရောက်ရှိလာသောကာကွယ်ဆေးများအား ဖိလစ်ပိုင်အစိုးရ ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၏ အကြီးအကဲ ကာလစ်တို ဂါးဗက်စ်နှင့် ကျန်းမာရေးဝန်ကြီး ဖရန်စစ်ဒူကူးတို့က လက်ခံရယူခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံအား ဖေဖော်ဝါရီ ၂၈ ရက်တွင် ကာကွယ်ဆေးများ စတင်ထောက်ပံ့ပေးသောကြောင့် မတ် ၁ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ကာကွယ်ဆေးအလုံးရေ ၈ ဒသမ ၄ သန်းကျော်အား နိုင်ငံသားများကို ထိုးနှံပေးခဲ့ပြီး ယခုနှစ်အတွင်း နိုင်ငံသားဦးရေ သန်း ၇၀ ကို ကာကွယ်ဆေး ထိုးနှံပေးရန် ရည်ရွယ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၉၇၉၉၂ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၃၇၂ ဦးရှိသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
| --- | --- | --- | --- |
| | ၁၈၁၉၆၅၁၁၄ ဦး | ၃၉၄၀၉၇၀ ဦး | ၁၆၆၄၆၃၇၁၁ ဦး |

# ဂုတ်တွင်းလမ်းအဆင်းကွေ့၌ တွဲယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား

**ဂုတ်တွင်း ဇွန် ၂၈**

မန္တလေး-မူဆယ်ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းကားလမ်း ခြောက်ထပ်ကွေ့တွင် ယနေ့နံနက် ၁၀ နာရီခန့်က အဆင်းကုန်တင်တွဲယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားပြီး အတက်၊ အဆင်းယာဉ်များ ယာယီလမ်းကြောပိတ်သွားခဲ့ရကြောင်း သိရသည်။

အဆိုပါ ကုန်တင်တွဲယာဉ် တိမ်းမှောက်ရာသို့ တာဝန်ရှိသူများရောက်ရှိပြီး တွဲယာဉ်ပေါ်မှ ကုန်ပစ္စည်းများ ရွှေ့ပြောင်းပေးခြင်းနှင့် လမ်းပြန်ပွင့်ရန်အတွက် တိမ်းမှောက်နေသောတွဲယာဉ်အား ကရိန်းယာဉ်ဖြင့် လမ်းဘေးသို့ ဖယ်ရှားရှင်းလင်းပေးခြင်းများကို ဆောင်ရွက်



ခဲ့ကြသည်။ မွန်းလွဲ ၁ နာရီခန့်တွင် လမ်းပြန်ပွင့်သွား၍ အတက်၊ အဆင်းယာဉ်များကို စနစ်တကျ စေလွှတ်ပေးခဲ့ပြီး ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၁၀

# ကရင်ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်မှုများတွင်ပါဝင်သည့် ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်များချမှတ်

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကရင်ပြည်နယ်အတွင်း တရားဥပဒေမဲ့ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်မှုကြောင့် ဖမ်းဆီးအရေးယူခံရသူများအား ဘားအံမြို့နယ်တရားရုံးက ပြစ်ဒဏ်များချမှတ်ခဲ့ရာ ဇွန် ၄ ရက်မှ ၁၇ ရက်အထိ ရာဇသတ်ကြီးပုဒ်မ - ၅၀၅(က)အရ အမှုနှစ်မှုမှ တရားခံ ၆၀ အား အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီ ကျခံရန်၊ ရာဇသတ်ကြီး ပုဒ်မ - ၅၀၅ (က)အရ အမှုတစ်မှုမှ တရားခံ တစ်ဦးအား အလုပ်နှင့် ထောင်ဒဏ် သုံးလကျခံရန်နှင့် ညမထွက်ရအမိန့် ချိုးဖောက်မှုဖြင့် ရာဇသတ်ကြီးပုဒ်မ - ၁၈၈ အရ စွဲဆိုမှုတစ်မှုမှ တရားခံ နှစ်ဦးအား အလုပ်မဲ့ထောင်ဒဏ် တစ်လစီ ကျခံရန်၊ မေ ၁၀ ရက်က ညအချိန် သံပုံးတီးဆူပူမှုဖြင့် ရဲအက်ဥပဒေ ပုဒ်မ - ၄၇ အရ အမှု ၁၄ မှုမှ တရားခံ ၁၄ ဦးအား ထောင်ဒဏ် ခုနစ်ရက်စီကျခံရန်နှင့် ရာဇသတ်ကြီး ပုဒ်မ - ၁၈၈ အရ စွဲဆိုမှု ၄၀ မှ တရားခံ ၄၉ ဦးအား အလုပ်မဲ့ထောင်ဒဏ် တစ်လစီကျခံရန် ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ သိရသည်။

**အောင်မျိုး**

# နမ့်ခမ်းမြို့၌ ငြိမ်းချမ်းစွာ လှည့်လည်ဆန္ဒထုတ်ဖော်နေသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား SSPP/SSA(ဝမ်ဟိုင်း)အဖွဲ့က လက်နက်ငယ်၊ လက်ပစ်ဗုံးများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံတိုင်းရင်းသားပြည်သူများက ၎င်းတို့နယ်မြေအတွင်း SSPP/SSA(ဝမ်ဟိုင်း)အဖွဲ့ကို မလိုလားကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ငြိမ်းချမ်းစွာလှည့်လည်၍ ဆန္ဒထုတ်ဖော်စဉ် SSPP/SSA(ဝမ်ဟိုင်း)အဖွဲ့က လက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နမ့်ခမ်းမြို့နှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံတိုင်းရင်းသား ပြည်သူများသည် ၎င်းတို့နယ်မြေအတွင်း SSPP/SSA(ဝမ်ဟိုင်း)အဖွဲ့ကို မလိုလားကြောင်း ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၅)ရပ်ကွက်၊ ပန်ပွဲကွင်းမှ ငြိမ်းချမ်းစွာ လှည့်လည်ဆန္ဒထုတ်ဖော်စဉ်မြို့မဈေးအနီးသို့အရောက်၌ SSPP/SSA(ဝမ်ဟိုင်း)အဖွဲ့မှ အမျိုးသား နှစ်ဦး ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး ဆန္ဒပြစုဝေးနေသူများကို ပစ္စတိုသေနတ်ဖြင့် သုံးချက်ပစ်ခတ်ပြီး လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ ငြိမ်းချမ်းစွာ ဆန္ဒပြနေသည့် ဒေသခံတိုင်းရင်းသားပြည်သူများအနက် အမျိုးသား နှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီး ငါးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပြီး ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၎င်းနေရာအနီးတစ်ဝိုက်မှ Glock ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ၁၂ တောင့်နှင့် လက်ပစ်ဗုံး လေးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဒဏ်ရာရရှိသူများအား နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြဝတီနှင့် ဘုတ်ပြင်းမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် မွန်းလွဲ ၃ နာရီတွင် မြဝတီမြို့ အမှတ်(၄)




သန်းဝင်း(ခ)မျက်မှန်၊ စိုင်းအောင်ဆာတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရပ်ကွက်နေ သန်းဝင်း(ခ)မျက်မှန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၄၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၄ နာရီတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် နန္ဒသူရိယလမ်းအနီးတွင် စိုင်းအောင်ဆာကို ဆိုင်ကယ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍ ညနေ ၅ နာရီတွင် ၎င်းနေထိုင်သည့် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂၇၅၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၁၀ နာရီ မိနစ်၂၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘုတ်ပြင်းမြို့နယ် ချောင်းကဖက်ကျေးရွာအုပ်စု ထင်းမယ်ကျေးရွာအနီးတွင် အောင်ငယ်ကြီး(ခ) အောင်ငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် တစ်ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၆-၂၀၂၁ အင်္ဂါနေ့

### MRTV

| | |
|---|---|
| **၀၆:၀၀** ရတနသုတ်ပရိတ်တရားတော် | **၁၈:၀၀** ပြည်တွင်းသတင်း |
| **၀၇:၀၀** နံနက်ခင်းသတင်း | **၁၈:၃၀** မြန်မာနိုင်ငံတောင်ဘက်စွန်းမှ ပင်လယ်ပျော်များဆီ |
| **၀၇:၃၅** လေ့လာစရာစုံလင် အဓိမြန်မာပြည်တစ်ခွင် | **၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားငေါ်ဆောင်ရာ'** (အပိုင်း-၁၂) |
| **၀၈:၃၅** ဝန်းမော်မြေမှရှမ်းရိုးရာ | **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| **၁၀:၀၀** သတင်းထဲကသတင်း | **၂၀:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်မှတ်တမ်း |
| **၁၀:၃၀** ပြည်သူ့နီတိ **'အလင်းရောင်'** | **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှတ်ဆိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၁၄) |
| **၁၁:၄၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ပွားချို'** | |
| **၁၃:၃၀** MRTV National News | |
| **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ပထဝီဝင်ဘာသာရပ်'** | |
| **၁၆:၃၅** ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု(အပိုင်း-၃) (ကုန်းဘောင်ခေတ်နှင့်အမရပူရခေတ်) | |
| **၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး | |

### mitv

07:01 News
07:27 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
07:34 To The Land Of Countless Temples - Bagan Trip (Ep-1)
08:01 Discovering Tribes: "Ta'ang (Palaung): their life and customs"
08:48 Between the Beaches: Chaung Tha Vs Ngwe Saung
09:01 Water Hyacinth and Rattan Products
09:17 Dances of Myanmar: Mon Traditional Shwe Hintha Dance
09:23 Myanmar Masterclass: Portraiture
09:29 The two brilliant Mountaineers (MT. EVEREST)
10:01 Mulberry Art Painting: Muu Muu
10:15 Patchwork Bags
11:01 Traveling in Kayah State
11:09 Handmade Artisan Ye`Linn Oo
11:24 Discovering Tribes: Wa - Their Life and Customs

### MRTV NRC

| | |
|---|---|
| **ကချင် (၀၆:၀၀ မှ ၀၈:၀၀)** ဝက်မိုးလွတ်ဆီဆမ်း | **ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** ချင်းသီချင်းကြီး(အပိုင်း-၂) |
| **ကယား (၀၈:၀၀ မှ ၁၀:၀၀)** ကယန်းတိုင်းရင်းသားများ စံပျော်ရာ ပန်ပက်ကျေးရွာ | **မွန် (၁၅:၀၀ မှ ၁၇:၀၀)** ငါးဖယ်ခြစ် မရှမ်းပြားချက် |
| **ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** ငါးတန်ဖမ်းခြင်း | **ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁) |
| **အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** လှမ်းခဲ့ပါလေ ဒေါင်းဖြူမြေ | **ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ရှမ်းတိုင်းရင်းသားတို့ရဲ့ ချစ်စရာ့ရိုးရာအိမ်ကလေး |
| **အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** စားလို့ကောင်းတဲ့သပြေသီးတာလပေါ် | **ဝ (၂၁:၀၀ မှ ၂၃:၀၀)** စာအတူတူဖတ်ကြရအောင် |
| **ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** သင်မယ်ရေးမယ်ဒို့ချင်းစာ(အပိုင်း-၁၉) | |

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel**
MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
**Education Channel**
ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# မြို့နယ်အချို့၌ အကြမ်းဖက်သူအုပ်စုများက အေးချမ်းစွာနေထိုင်သော ပြည်သူများကို “သတင်းပေး”ဟု စွပ်စွဲပြောဆိုကာ ရန်ပြုခြင်း၊ နေအိမ်များအား ဖျက်ဆီးခြင်းများ ပြုလုပ်

**နေပြည်တော် ဇွန် ၂၈**
တိုင်းဒေသကြီး ပြည်နယ်အချို့ရှိ မြို့နယ်အချို့မှ အကြမ်းဖက်သူလူအုပ်စုများက ၎င်းတို့၏ လုပ်ဆောင်မှုများအတိုင်း လိုက်လံလုပ်ဆောင်ခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်သော ပြည်သူများကို “သတင်းပေး”ဟု စွပ်စွဲပြောဆိုကာ ၎င်းတို့အား ရန်ပြုခြင်း၊ နေအိမ်များကို ဖျက်ဆီးခြင်းများ အုပ်စုဖွဲ့၍ မင်းမဲ့စရိုက်ဆန်ဆန် ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

**အိမ်အတွင်း ဝင်ရောက်ဖျက်ဆီး**

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အိုးပြစ်ကျေးရွာနေ ဦးချင်းရွှေ(၅၅)နှစ် (ဘ) ဦးလှမောင်၏ နေအိမ်ကို အကြမ်းဖက်သူ ၁၀ ဦးက “သတင်းပေး”ဟု ပြောဆို၍ လက်လုပ်ဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ကာ အိမ်အတွင်း ဝင်ရောက်ဖျက်ဆီးသွားကြောင်းနှင့် အိုးပြစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဉူးဇောတိကအား “သတင်းပေး”ဟု စွပ်စွဲပြောဆိုကာ ကျောင်းခြံစည်းရိုးများကို ကန်ကျောက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဦးချင်းရွှေ၏ နေအိမ် ပြတင်းတံခါးမှန် ခြောက်ချပ် ကွဲကြေပျက်စီးကာ နေအိမ်အတွင်းမှ မပေါက်ကွဲသေးသည့် လက်လုပ်ဗုံး နှစ်လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ပြီး ဦးချင်းရွှေပါ မိသားစုဝင် ငါးဦးနှင့် ဆရာတော် ဉူးဇောတိကတို့အား အဆိုပါကျေးရွာတွင် နေထိုင်ရန် လုံခြုံရေးစိတ်မချရသဖြင့် နယ်မြေခံ တပ်ရင်း၌ ခေါ်ဆောင်စောင့်ရှောက်ထား ရှိကြောင်း သိရှိရသည်။



ပြည်ကြီးတံခွန်မြို့နယ်၌ နေအိမ်တစ်လုံးအား အကြမ်းဖက်သူများက “သတင်းပေး”ဟု စွပ်စွဲကာ ဝင်ရောက်ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**“သတင်းပေး” အိမ်ဟုစွပ်စွဲ**

ထို့အတူ ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက် မန်လွယ်ဘုန်းကြီးကျောင်းအနီးရှိ ဦးတင်ထွန်း ပိုင်ဆိုင်ပြီး လူနေထိုင်ခြင်းမရှိသည့် နေအိမ်ကို အကြမ်းဖက်သူအင်အား ၅၀ ခန့်က “သတင်းပေး”အိမ်ဟု စွပ်စွဲ၍ အုတ်တံတိုင်းခြံစည်းရိုးနှင့် သွပ်မိုး၊ ထရံကာနေအိမ်တို့အား ဝင်ရောက်ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါအခြေအနေကို ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ အကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို အုတ်ခဲကျိုးများဖြင့် ပစ်ခတ်ရန်ပြုခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ အကြမ်းဖက်သူများ လူစုခွဲထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သူများအတွင်းမှ အမျိုးသားတစ်ဦးတွင် ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိထားသော ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၅၅ လမ်းနှင့် ၁၀၈ လမ်းထောင့်နေ ဦးထွန်းအောင် (၅၅)နှစ်နှင့် ဒေါ်ငွမ်းအသန် (၄၉)နှစ်တို့နှစ်ဦးအား ဓားရှည် ၁၃ လက်၊ ဂေါက်ရိုက်တံ တစ်ချောင်း၊ သံညှပ်အကြီး တစ်ချောင်း၊ ဖုန်းတစ်လုံး၊ ဆိုင်ကယ် ၁၄ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့ကြောင်း သိရသည်။

အထက်ပါအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများနှင့် ပူးပေါင်းပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၈**
မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မွန်ပြည်နယ် သထုံခရိုင် စစ်တောင်းတံတားအသစ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်များအား စစ်ဆေးနေစဉ် မြဝတီမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ အင်းစိန်မြို့နယ် ဖော့ကန်ကျေးရွာနေ ဇော်ဇော်အောင်(၃၅)နှစ် (ဘ)ဦးသန်းငွေ မောင်းနှင်ပြီး ဦးကျော်လွင်(၄၅)နှစ် လိုက်ပါလာသော YGN 6C/3110 Hyundai ခရီးသည်တင်မှန်လုံယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်၏ဝမ်းဗိုက်အတွင်း တင်ဆောင်လာသော “စည်သူ” အမည်ပါ ကတ်ထူပုံးအတွင်းမှ ပစ္စတိုသေနတ် တစ်လက်၊ လေသေနတ် လေးလက်၊ ပွိုင့် ၃၈ ကျည်တောင့် ၁၀၀ နှင့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ခွေးမြုပ်ကျေးရွာရှိ ရွှေဘုံသာဘုန်းကြီးကျောင်း၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဘုန်းကြီးကျောင်းဝင်းအနောက်ဘက်ရှိ သီလရှင်အဆောင်ဟောင်းအတွင်းမှ အဆိုပါကျေးရွာနေ မင်းကိုနိုင် (၃၄)နှစ် (ဘ)ဦးဝမ်းကိုတောစီးလည်တိုဖိနပ် ကိုးရန်၊ မီးသတ်ဆေးဘူးအခွံ နှစ်ဘူး၊ လက်ကိုင်စကားပြောစက် သုံးလုံး၊ အားသွင်းခုံလေးခု၊ ပြုလုပ်ဆဲသေနတ် သစ်သားကိုယ်ထည် တစ်ခု၊ အပစ်ခလုတ် သုံးခု၊ စတီးဘောစေ့ ၂၅ စေ့နှင့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ရေစကြိုမြို့နယ်၌ အမျိုးသားတစ်ဦးအား ဆူပူအကြမ်းဖက်ဆန္ဒပြရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။


သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်ကို ဆိုင်ကယ်ဖြင့် တိုက်ပြေးသူ အမျိုးသားတစ်ဦးအား ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ပြီး ၎င်းထံမှ လက်လုပ်ဗုံးနှစ်လုံး သိမ်းဆည်းရရှိ

**နေပြည်တော် ဇွန် ၂၈**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ယာဉ်စစ်ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကို ဆိုင်ကယ်ဖြင့် တိုက်ပြေးသူ အမျိုးသားတစ်ဦးအား ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ပြီး ၎င်းထံမှ လက်လုပ်ဗုံး နှစ်လုံး သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် ညပိုင်းတွင် ထန်းတပင်မြို့နယ် သပြေခြံကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လုံခြုံရေးဆောင်ရွက်နေစဉ် ည ၉ နာရီ ၄၅ မိနစ်တွင် အသက် ၃၀ ခန့် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် ၅၂ယ/ ၂၇၃၇ နံပါတ်တပ်ဆင်ထားသော Dayang အမျိုးအစား အနက်ရောင် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ပေးခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဆိုင်ကယ်ဖြင့် ဝင်တိုက်၍ ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါဆိုင်ကယ်မှာ လဲကျသွားခဲ့ပြီး သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအမျိုးသားတွင် ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်စဉ် အကြမ်းဖက်သူအမျိုးသားမှာ သေဆုံးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါအမျိုးသား မောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးခဲ့ရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ အရှည် ရှစ်လက်မ၊ အကျယ် နှစ်လက်မခန့်ရှိ PVC ပိုက်



အပြာရောင်ဖြင့် ပြုလုပ်ထားပြီး ဆေးအမည်းသုတ်ထားသော လက်လုပ်ဗုံးနှစ်လုံးကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ သေဆုံးခဲ့မှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ်(၁)

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့် သော်လည်းကောင်း၊ အပေါင်းအသင်းကြောင့် သော်လည်းကောင်း၊ လူမှုရေးကိစ္စ အဆင်မပြေသောကြောင့် သော်လည်းကောင်း မူးယစ်ဆေးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- စိတ်ကျရောဂါဖြစ်ခြင်း
- မှတ်ဉာဏ်ချို့ယွင်းခြင်း
- အာရုံစူးစိုက်မှုလျော့ပါးလာခြင်း
- မိမိကိုယ်ကို သေကြောင်းကြံခြင်း
- မိမိမိသားစုနှင့် မိမိလုပ်ငန်းအပေါ် စိတ်ဝင်စားမှု လျော့နည်းလာခြင်း
- ပြင်းထန်စွာ စိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**

**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ပါ။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး



**မိုင်းဖြတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မိုင်းဖြတ်မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၇ ရက် နံနက် ၉ နာရီက ဝမ်လုံးကျေးရွာအုပ်စု နားမွန်းကျေးရွာခန်းမဆောင်၌ ပြည်သူများအား ဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မိုင်းဖြတ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမြင့်ငွေးနှင့် ဝန်ထမ်းများက ဝမ်လုံးကျေးရွာအုပ်စုအတွင်းရှိ နားမွန်း၊ နားလီး၊ ယန်းခမ်း၊ ဝမ်လုံး၊ မာကာ စသည့်ကျေးရွာများမှ ကျေးရွာနေပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို(အခမဲ့) ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ရပ်ကွက်နှင့် ကျေးရွာများ၌ အိမ်ထောင်စုလူဦးရေစာရင်း ၁၂ ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၃ ခုအထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။ **ရွှေကို(မိုင်းဖြတ်)**

**မြေပုံ**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းများနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက် ပြီးစီးမှုများကို ပြည်သူလက်ဝယ်အရောက်ပေးအပ်ပွဲကို ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီက ရခိုင်ပြည်နယ် မြေပုံမြို့ (အထက၊ ကံသာ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြေပုံမြို့နယ် ခေါင်ဖြူကျေးရွာ၊ ကံသာကျေးရွာနှင့် ဒဂုံကျေးရွာတို့မှ အိမ်ထောင်စုစာရင်းမရှိသေးသော၊ ပျောက်ဆုံး၊ ပျက်စီးသော အိမ်ထောင်စု ၁၅ဝ အတွက် အိမ်ထောင်စုစာရင်း အစောင် ၁၅ဝ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူနှင့် ပျောက်ဆုံး၊ ပျက်စီးသူ ၁၅၉ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၉ ခုတို့ကို ပြည်သူလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ်၌ ကွင်းဆင်းဆောင်ရွက်ပေးပြီး ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက အမှတ်(၃)စစ်အခြေခံလေ့ကျင့်ရေးတပ် အောင်ချမ်းသာခန်းမ၌ ပေးအပ်ပွဲကို ကျင်းပပြုလုပ်သည်။

ထို့နောက် ရမည်းသင်းမြို့နယ် အမှတ်(၃)စစ်အခြေခံလေ့ကျင့်ရေးတပ်ရှိ အိမ်ထောင်စုလူဦးရေစာရင်း ၁၁၆ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၈ ဦးတို့အား မြို့နယ်ဦးစီးမှူး ဦးရဲဇော်ဦးနှင့် ဝန်ထမ်းများက စိစစ်ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံသားအရည်အချင်းပြည့်ဝသူ ပြည်သူများအား အမှတ်(၃)စစ်အခြေခံလေ့ကျင့်တပ် တပ်နယ်မှူးဗိုလ်မှူးကြီးဇော်မြင့်ဦး၊ ခရိုင်လဝကဦးစီးမှူး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ရွှေသိမ်း၊ အဖွဲ့ဝင်ဦးဝင်းမြင့်နှင့် မြို့နယ်လဝကဦးစီးမှူး ဦးထွန်းဇော်ဦးတို့က အသီးသီးလက်ရောက် ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇွန် ၂၈ ရက်က စကျင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပန်းခင်းစီမံချက်ကို ဇွန် ၃ ရက်မှ ယနေ့အထိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စုသို့ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိသော ကျေးရွာအုပ်စုများသို့လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**



**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ရှမ်းတဲကြီးကျေးရွာ ရွှေဓမ္မဂုဏ်ရည် ဘုန်းကြီးကျောင်း၌ ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင်မှူး၊ ဒုတိယခရိုင်မှူးနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက အသက် ၁၀ နှစ်ပြည့် ရှစ်ဦး၊ အသက် ၁၈ နှစ်ပြည့် ၁၇ ဦးတို့အား တစ်ဦးချင်းအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## ပန်းခင်းစီမံချက်နှင့်အပြိုင်
## မြို့နယ်လဝကရုံးများတွင် ဆောင်ရွက်နေသည့်လုပ်ငန်းများ

- ❖ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအား နိုင်ငံသားစိစစ်ခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်း၌ မွေးတိုး/သေဆုံး စာရင်း ဆောင်ရွက်ပေးခြင်း၊
- ❖ အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်၊ လဲလှယ် ထုတ်ပေးခြင်း၊
- ❖ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး / ပျက်စီးမှုများအား မိတ္တူထုတ်ပေးမှုဆောင်ရွက်ပေးခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းတိုး/လျှော့/ ပြောင်းဝင်/ ပြောင်းထွက် ဆောင်ရွက်ပေးခြင်း၊
- ❖ မွေးသက္ကရာဇ်/ အမည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခြင်း၊
- ❖ နိုင်ငံခြားသားများနှင့်သက်ဆိုင်သည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
- ❖ ပြည်သူ့အင်အားဆိုင်ရာ လူဦးရေစာရင်းများဆောင်ရွက်ခြင်း၊

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခြင်းနှင့် ပြည်ပချေးငွေများအား စိစစ်သုံးသပ်ခြင်း

ဦးဝင်းသော် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အကြောင်းအရာများစွာအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်း (Foreign Direct Investment – FDI) သည်လည်း အရေးပါသောအချက်/ ကဏ္ဍတစ်ခုဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများအတွက် ရင်းနှီးမြှုပ်နှံမှုအား ဖိတ်ခေါ်ရာတွင် အခြေခံကျသော ဆောက်လုပ်ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍများတွင် လာရောက်မြှုပ်နှံရန် လိုအပ်သကဲ့သို့ အခြားသောကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းသည် နိုင်ငံတော်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက နိုင်ငံ၏အခြေခံအဆောက်အအုံတိုးတက်မှု၊ နည်းပညာအတွေ့အကြုံများရရှိမှုနှင့်အတူ ပြည်သူလူထုအတွက် အခြေခံကျသောအလုပ်အကိုင်အခွင့်အလမ်းပါ တစ်ပါတည်းပူးတွဲပါဝင်လာသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှုများအား လေ့လာဆန်းစစ်ရာတွင် ရာခိုင်နှုန်းတော်တော်များများသည် Cash (ငွေသား) ထက် in kind ( ငွေသားအစား တန်ဖိုးသင့်ထားသောပစ္စည်း) အား တန်ဖိုးသင့်၍ လာရောက်မြှုပ်နှံခြင်းက ပိုမိုနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

အကြောင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံအတွက် အဓိကလိုအပ်ချက်များသည် အခြေခံအဆောက်အဦများဖြစ်သော လမ်း၊ တံတား၊ စက်ရုံ၊ ဆက်သွယ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်းတို့ဖြစ်သဖြင့် ငွေသားလွှဲပြောင်းပေးပို့ပြီး ပစ္စည်းကို ပြန်လည်မှာယူတင်သွင်းရခြင်းထက် ပစ္စည်းကို တစ်ပါတည်းတင်သွင်းလာခြင်းက ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုအဆင်ပြေမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် အချို့သည် မူလမတည်ရင်းနှီးငွေ (Capital) အား အပြည့်အဝယူဆောင်ရင်းနှီးမြှုပ်နှံခြင်းဖြစ်သကဲ့သို့ အချို့မှာလုပ်ငန်းလိုအပ်ချက်အတွက် မတည်ငွေတိုးမြှင့်ရန် ပြည်ပမှ ချေးငွေရယူခြင်းများလည်း ရှိပါသည်။ ထိုချေးငွေအားလည်း ယခင် ရင်းနှီးမြှုပ်နှံမှုဝင်လာခြင်းနည်းတူ Cash (ငွေသား)၊ in kind (ပစ္စည်း) စသည်ဖြင့် လုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူအား ငွေချေးငှားသူ၏ ကတိကဝတ်အရလည်းကောင်း ကွဲပြားခြားနားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်အရဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူ၏အခြေအနေ လုပ်ကိုင်ခွင့်အရဖြစ်စေ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မလွဲမသွေခွင့်ပြုရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအား ကြိမ်ဖန်များစွာ သုံးသပ်ပြင်ဆင်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဥပမာအားဖြင့် A ကုမ္ပဏီသည် ချေးငွေသန်း ၁၀၀ ဖြင့် မော်တော်ယာဉ်များ၊ လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှ တင်သွင်းမည်ဆိုပါစို့။ ၎င်းချေးငွေကို သုံးနှစ်သက်တမ်းပြည့်ပါက ပြန်လည်ပေးဆပ်ရမည်။ အဆိုပါချေးငွေသည် အတိုးမဲ့ဖြစ်သော်လည်း ပါဝင်သောပစ္စည်းတန်ဖိုးနှင့် အရည်အသွေးများကို သေချာစွာစိစစ်သုံးသပ်ရန် လိုအပ်ပါသည်။ ပြည်ပမှတင်သွင်းလာသောပစ္စည်းသည် အရည်အသွေးပြည့်မီမှုမရှိပါက နိုင်ငံတော်အနေဖြင့် အချိန်မတိုင်မီ ပျက်စီးဆုံးရှုံးမှုကြုံတွေ့ရမည်ဖြစ်ပါသည်။ သန်း ၁၀၀ ဖြင့် ချေးယူသော ပစ္စည်းတန်ဖိုးသည် အမှန်တကယ် သန်း ၈၀ သာတန်မည်ဆိုပါက နိုင်ငံခြားငွေ သန်း ၂၀ သည် အပိုပြန်လည်ပေးရသဖြင့် မိမိနိုင်ငံအတွက် ပထမဆုံးသောနစ်နာမှုဖြစ်ပါသည်။ ၎င်းပစ္စည်းသည် အရည်အသွေးပြည့်မီမှုမရှိခြင်း၊ အာမခံချက်မရှိခြင်း၊ အချိန်မတိုင်မီပျက်စီးမှုများဖြစ်ပါက သုံးနှစ်သက်တမ်းပြည့်ပြီး ပြန်လည်ပေးဆပ်ချိန်တွင် တန်ရာတန်ကြေးမဟုတ်သောပစ္စည်းသန်း ၁၀၀ အတွက် နိုင်ငံခြားငွေများပေးဆပ်ရခြင်းသည် နိုင်ငံတော်အနေဖြင့် ဒုတိယအကြိမ်နစ်နာမှုဖြစ်လာနိုင်ပါသည်။ ၎င်းပစ္စည်း (in kind) သည် ချေးငွေတန်ဖိုးထက် လျော့နည်းခြင်းရှိနေပါက နောက်ဆုံးချေးငွေပေးဆပ်ချိန်တွင် နိုင်ငံခြားငွေဆုံးရှုံးနစ်နာခြင်းများ ကြုံတွေ့နိုင်ပါသည်။ ပြည်ပမှ ချေးငွေရယူရန် ဆောင်ရွက်သည့်အခါ ပြည့်စုံမှုမရှိသော လက်ခံနိုင်ဖွယ်ရာမရှိသောအခြေအနေမျိုး ကြုံတွေ့ရနိုင်ပါသည်။

## ငါးနှစ်သက်တမ်း ချေးငွေ

ဒုတိယပိုင်းအနေဖြင့် ပြည်ပချေးငွေရယူမှုအား တင်ပြရှင်းလင်းလိုပါသည်။ B ကုမ္ပဏီသည် ချေးငွေသန်း ၁၀၀ ရယူရာတွင် Cash 50 million နှင့် in kind 50 million ဖြစ်ပါသည်။ အတိုးနှုန်းမှာ လေးရာခိုင်နှုန်းဖြင့် ငါးနှစ်သက်တမ်းချေးငွေဖြစ်ပါသည်။ အဆိုပါကုမ္ပဏီသည် သန်း ၁၀၀ အတွက် အတိုးပုံမှန်ပေးရမည်ဖြစ်ပြီး ငါးနှစ်ပြည့်ပါက ၎င်းချေးငွေအားလုံးကို ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ စတင်ချေးငှားပြီး အချိန်စေ့ပါက အတိုးငွေအဖြစ် တစ်နှစ်လျှင် ဒေါ်လာလေးသန်း ပြည်ပသို့ ပြန်လည်ပေးပို့ရမည်ဖြစ်သဖြင့် စီမံကိန်း (Project) ပြီးဆုံးသည့် ငါးနှစ်တာကာလအထိ အမေရိကန်ဒေါ်လာ သန်း ၂၀ အတိုးပေးရမည် ဖြစ်ပါသည်။ ဤနေရာတွင် အတိုးပေးရမည့် ချေးငွေသန်း ၁၀၀ တွင် ပါဝင်သော in kind (ပစ္စည်း) သန်း ၅၀ အား သေချာစွာ စိစစ်သုံးသပ်ရန် လိုအပ်ပါသည်။ in kind သန်း ၅၀ သည် သတ်မှတ်ထားသော ဒေသန္တရပေါက်ဈေးဖြစ်စေ၊ နိုင်ငံတကာရှိ ပေါက်ဈေးဖြစ်စေ သင့်လျော်သောအရည်အသွေးနှင့် တန်ဖိုးပြည့်မီခြင်း ရှိ/မရှိ စိစစ်ရန် လိုအပ်ပါမည်။ ထိုက်သင့်သောအရည်အသွေးနှင့် တန်ဖိုးကိုက်ညီမှုမရှိသောပစ္စည်းအား စိစစ်နိုင်ခြင်းမရှိပါက နိုင်ငံတော်၏ နိုင်ငံခြားငွေအား အလဟဿဆုံးရှုံးစေမည်ဖြစ်ပါသည်။ အကြောင်းမှာ သန်း ၅၀ မတန်သောပစ္စည်းအတွက် အတိုးပေးနေခြင်းသည် ပထမဆုံးသောနစ်နာမှု FE reserve ဆုံးရှုံးမှုဖြစ်ပါသည်။ သက်တမ်းကာလပြည့်၍ ပြန်လည် ပေးဆပ်သောအခါ in kind (ပစ္စည်း) သန်း ၅၀ အား ငွေသားဖြင့် ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ ထိုအချိန်တွင် မူလက မိမိနိုင်ငံသို့ ချေးငွေအဖြစ် သန်း ၅၀ တန် ပစ္စည်းသည် သန်း ၃၀ သာ တန်မည်ဆိုပါက မိမိနိုင်ငံ၏ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ အား ပြည်ပသို့ အပိုလွှဲပေးရသောသဘောဖြစ်ပါသည်။ အဆိုပါ ဒေါ်လာသန်း ၂၀ သည် မိမိနိုင်ငံအတွက် ဒုတိယနစ်နာမှု ဖြစ်လာနိုင်ပါသည်။ ရယူသောချေးငွေသည် ပစ္စည်းဖြစ်ခြင်း၊ ၎င်းပစ္စည်းသည် ၎င်းတို့ဖော်ပြသော ချေးငွေတန်ဖိုးထက် လျော့နည်းခြင်းရှိနေပါက (တန်ဖိုးမစိစစ်နိုင်ပါက) အတိုးပေးသည့်ကာလမှစတင်၍ အလီလီနစ်နာခြင်းနှင့် နောက်ဆုံးပြန်လည်ပေးဆပ်ချိန်တွင် နစ်နာခြင်းတို့ကြုံတွေ့ရမည်ဖြစ်သည့်အပြင် အရည်အသွေးစံချိန်မမီသော၊ အာမခံချက်မရှိသောပစ္စည်းများဖြစ်ပါက သက်တမ်းမစေ့ခင် ဆုံးရှုံးပျက်စီးမှုကြောင့် တတိယအကြိမ် ထပ်မံနစ်နာမည်ဖြစ်ပါသည်။

ဗဟိုဘဏ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ ပြည်ပချေးငွေရယူလိုခြင်းအား စိစစ်ခွင့်ပြုနိုင်ရန် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ **(FEML)**၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း (FEMR) အရ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း(FEMR)စာပိုဒ် (၄၈) အရ **“ပြည်တွင်း၌ နေထိုင်သူသည် ပြည်ပမှချေးငွေများ ရယူခြင်းသို့မဟုတ် ပြည်ပမှ အခြားနည်းလမ်းများဖြင့် ချေးငှားခြင်း သို့မဟုတ် ချေးငွေရယူခြင်းကဲ့သို့သော စာရွက်စာတမ်းအထောက်အထားတို့ကို ဆောင်ရွက်သည့်အခါတိုင်း ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ကြိုတင်ခွင့်ပြုမိန့်တောင်းခံရယူရမည်။”** ဟု ဖော်ပြထားသဖြင့် ဗဟိုဘဏ်၏ခွင့်ပြုချက်အား ရယူရမည်ဖြစ်ပါသည်။ စာပိုဒ် (၄၉)အရ ချေးငွေစာချုပ်အား ပူးတွဲတင်ပြရန်နှင့် စာပိုဒ် (၅၀) အရ ရယူလိုသော ချေးငွေ၏ရည်ရွယ်ချက်နှင့် ပြန်လည်ပေးဆပ်မှု အစီအစဉ်အရ သင့်တော်သောအတိုးနှုန်းအား စာပိုဒ် (၅၁) တွင် ဖော်ပြထားပါသည်။

## နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (FEML) ပုဒ်မ (၂၇) အရ **“နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ရန်ပုံငွေများကို ယူဆောင်လာသည့်အခါတိုင်း ဗဟိုဘဏ်သို့ အထောက်အထားတို့ဖြင့် သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။ ယင်းအထောက်အထားများကို တင်ပြနိုင်ခြင်းမရှိပါက ပြည်ပသို့ ယင်းရန်ပုံငွေများ ပြန်လည်လွှဲပို့ခြင်းကို ခွင့်ပြုရန် ဗဟိုဘဏ်က ငြင်းပယ်နိုင်သည်။”** ဟု ဖော်ပြထားသဖြင့် ဗဟိုဘဏ်ခွင့်ပြုချက်အား တင်ပြရယူထားခြင်းမရှိလျှင် အဆိုပါငွေလွှဲပို့မှုအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပချေးငွေရယူမှုအား စိစစ်ရာတွင် မိမိနိုင်ငံအတွက် နိုင်ငံခြားငွေဝင်ငွေရလမ်းရှိသော လုပ်ငန်း ဖြစ်/မဖြစ်၊ နိုင်ငံခြားငွေ မဝင်ပါကလည်း ပြောင်းလဲလာနိုင်သော exchange rate risk အား မည်သို့ကာကွယ်ရန် ပြင်ဆင်ထားမှု ရှိ/ မရှိ၊ ချေးငွေရယူသောကုမ္ပဏီ၏ Financial Statement အရ ရရှိသောအမြတ်သည် ပေးရမည့်အတိုးနှုန်းကို ပေးဆပ်နိုင်စွမ်း ရှိ/ မရှိ၊ အတိုးနှုန်းသည် သက်သာမှု ရှိ/မရှိ စသည့် ကန့်သတ်ချက်များဖြင့် ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

အစိုးရကဏ္ဍတွင်မူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူညီချက်ဖြင့် ပြည်ပချေးငွေများရယူပြီး ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။ အဓိကအားဖြင့် တင်ပြလိုသောအချက်မှာ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးသည်ဖြစ်စေ၊ နှစ်ရှည်ချေးငွေဖြင့် အတိုးမဲ့ချေးငှားသည်ဖြစ်စေ ရာခိုင်နှုန်းတော်တော်များများသည် ငွေသားမပေးဘဲ ပစ္စည်းကိုသာယူရသော အနေအထားအား ကြုံတွေ့ရမည် ဖြစ်ပါသည်။ အဆိုပါပစ္စည်းသည် မိမိနိုင်ငံ/ အဖွဲ့အစည်းအနေဖြင့် လက်ခံရာတွင် မှန်ကန်သောတန်ဖိုးဖြစ်စေရေး၊ စံချိန်မီသော အရည်အသွေးရှိစေရေးနှင့် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုမဖြစ်စေရေးဆိုသော အချက်များကို အလေးထား၍ စဉ်းစားဆုံးဖြတ်စေလိုခြင်း ဖြစ်ပါသည်။

အချို့သောနေရာများတွင် ဝင်ရောက်လာသော in kind သည် စက်ပစ္စည်းများဖြစ်ပါမည်။ (ဥပမာ– မြေတူးစက်၊ မြေကော်စက်၊ မြေသယ်ယာဉ်) စသည်တို့ဖြစ်ပါသည်။ မူလတင်ပြခဲ့သလိုပင် တန်ဖိုးအမှန်ဖြစ်ချင်ဖြစ်ပါမည် (သို့မဟုတ်) ပိုချင်ပိုပါမည်။ ယင်းစက်များသည် မိမိနိုင်ငံအတွင်း သယံဇာတတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး စက်များမှာလည်း သက်တမ်းကုန်ခြင်း၊ ချွတ်ယွင်းခြင်း၊ ပျက်စီးခြင်းများအပြင် မိမိတို့သယံဇာတလည်း ကုန်ပါမည်။ ဂေဟစနစ်လည်း ပျက်စီးပါမည်။ Project ပြီးဆုံးလျှင် ရင်းနှီးငွေက in kind ဖြစ်သော်လည်း ပြန်လည်ပေးဆပ်ရာတွင် အမေရိကန်ဒေါ်လာ ငွေသားပေးရပြီး စက်များက infrastructure အနေဖြင့် ဆက်လက်သုံး၍ ရချင်မှ ရတော့မည် ဖြစ်ပါသည်။ (သို့မဟုတ်) အတိုင်းအတာတစ်ခု ပျက်စီးချွတ်ယွင်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်က in kind အနေဖြင့်ယူလာပြီး ပြန်လည်ပေးဆပ်ရာတွင် နိုင်ငံခြားငွေဖြင့် ပေးချေရပါသည်။ မိမိလက်ခံရရှိသော in kind သည် တန်ရာတန်ကြေးမဖြစ်လျှင် ဆုံးရှုံးနစ်နာပါမည်။ Project ပြီးဆုံး၍ ပစ္စည်းကျန်ခဲ့သော်လည်း ရာခိုင်နှုန်းပြည့် သုံးမရတော့သည့်အပြင် Project က မိမိသယံဇာတများ လျော့ပါးဆုံးရှုံးခြင်းသာ အဖတ်တင်ပါမည်။ ထိုသို့သော လုပ်ငန်းများသည် Foreign Direct Investment (FDI) ဖြစ်သော်လည်း မိမိနိုင်ငံအနေဖြင့် နိုင်ငံခြားငွေလည်း လျော့ပါးသွားပါမည်။ သယံဇာတလည်း ဆုံးရှုံးပြီး ပစ္စည်းလက်ကျန်က သုံးမရသောအခြေအနေမျိုး ဖြစ်တတ်ပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာဖြင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်နေကြသည်ဖြစ်သော်ငြားလည်း စနစ်တကျစိစစ်နိုင်မှု၊ သုံးသပ်နိုင်မှုများ ဖြည့်စွက်လုပ်ဆောင်မှသာ ရည်မှန်းချက်အပြည့်အဝအောင်မြင်ပြီး နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုများ လျော့နည်းမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် အချို့သည် မူလမတည်ရင်းနှီးငွေ (Capital) အား အပြည့်အဝယူဆောင်ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သကဲ့သို့ အချို့မှာလုပ်ငန်းလိုအပ်ချက်အတွက် မတည်ငွေတိုးမြှင့်ရန် ပြည်ပမှ ချေးငွေရယူခြင်းများလည်း ရှိပါသည်။ ထိုချေးငွေအားလည်း ယခင်ရင်းနှီးမြှုပ်နှံမှုဝင်လာခြင်းနည်းတူ Cash (ငွေသား)၊ in kind (ပစ္စည်း) စသည်ဖြင့် လုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူအား ငွေချေးငှားသူ၏ ကတိကဝတ်အရလည်းကောင်း ကွဲပြားခြားနားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်အရဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူ၏အခြေအနေ လုပ်ကိုင်ခွင့်အရဖြစ်စေ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မလွဲမသွေခွင့်ပြုရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအား ကြိမ်ဖန်များစွာ သုံးသပ်ပြင်ဆင်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ။**

# ဖျာပုံမြို့၌ အခြေခံပညာကျောင်းပေါင်း ၂၉၈ ကျောင်းသို့ နှာခေါင်းစည်း ၆၀၀၀၀ ပေးအပ်လှူဒါန်း

**ဖျာပုံ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၉၈ ကျောင်းသို့ နှာခေါင်းစည်း ၆၀၀၀၀ ပေးအပ်လှူဒါန်းခြင်းကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ အထက(၁) အောင်မြေခန်းမ၌ ကျင်းပသည်။

အဆိုပါ နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းရာတွင် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်များကိုယ်စား ဦးမင်းမင်း (ဧရာဝတီသားဟော့ဆောက်လုပ်ရေးကုမ္ပဏီ)က ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နှာခေါင်းစည်းများ လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အထက(၄) ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇော က ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးမင်းမင်း (ဧရာဝတီသားဟော့ဆောက်လုပ်ရေးကုမ္ပဏီ) မိသားစု၊ ဦးစိန်ဝင်း (ဆေးဆိုင်) မိသားစု၊ ဦးအောင်ခိုင်ဝင်း မိသားစုနှင့် အလှူရှင်များက နှာခေါင်းစည်း ၆၀၀၀၀ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

အောင်ဝင်းနိုင်(ပြန်/ဆက်)



# ကျိုက်မရောမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများထားရှိရန် ပြင်ဆင်ထား

**ကျိုက်မရော ဇွန် ၂၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံရှိ စောင့်ကြည့်ကုသရေးစင်တာတွင် နေရာလိုအပ်ချက်အရ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများ စောင့်ကြည့်ကုသနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကျိုက်မရောမြို့ ရန်မျိုးအောင်ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမကို အမျိုးသား ၁၀၀ နှင့် အမျိုးသမီး ၅၀ ခန့်ထားရှိကုသနိုင်ရေး အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး မြို့နယ် အဆင့်ကော်မတီက ဇွန် ၂၇ ရက်မှစတင်ကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။



ထို့ပြင် ကျိုက်မရောမြို့မှ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များကလည်း အဆိုပါ ကုသစောင့်ကြည့်ရေးစင်တာအတွက် လိုအပ်သည့်အသုံးအဆောင်ပစ္စည်းများ လာရောက်ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

# ရန်ကုန်မြို့ နေရာငါးနေရာ၌ ကိုဗစ်လူနာများ လက်ခံကုသပေးနေ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီးတွင် ရိုးမရိပ်သာ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန၌ ကွာရန်တင်း ၁၀၀၀၊ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၅၇၆ ဦးကို လက်ခံကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မရမ်းကုန်း ကိုဗစ်-၁၉ ရောဂါကုသရေးဌာန အင်းယားစင်တာ၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၄၀၀၊ MCC ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနတွင် ရောဂါအတည်ပြုလူနာ ၂၅၀ တို့ကို လက်ခံကုသပေးမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

MCC ကိုဗစ်-၁၉ ရောဂါကုသရေးဌာနအနေဖြင့် ဇွန် ၂၆ ရက်မှစ၍ လူနာလက်ခံကုသပေးနေပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)တို့တွင်လည်း လူနာများ လက်ခံကုသပေးနေပြီဖြစ်ကြောင်း သိရသည်။

တစ်ကျော့ပြန် မြင့်တတ်လာသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှု ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

စန္ဒာမိုး(ပြန်/ဆက်)

# ကျွန်းစုမြို့၌ ကာကွယ်ဆေးမထိုးနှံရသေးသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ကျွန်းစု ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ကာကွယ်ဆေး မထိုးနှံရသေးသူများအား ဇွန် ၂၆ ရက်နှင့် ၂၇ ရက်က မြို့နယ်မိုးလုံလေလုံအားကစားခန်းမ၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကာကွယ်ဆေးထိုးနှံခြင်းမပြုရသေးသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများနှင့် ဝန်ထမ်းများ စုစုပေါင်း ၁၂၇ ဦးတို့အား ရောဂါကာကွယ်ဆေး (ပထမအကြိမ်) ထိုးနှံပေးခဲ့ကြပြီး ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ကျွန်းစုမြို့နယ်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လူဦးရေ ၃၀၀ အတွက် ဆေးအလုံးရေ ၆၀၀ ခွဲတမ်းရရှိခဲ့ပြီး ကာကွယ်ဆေးထိုးနှံခြင်းမပြုရသေးသော ပညာရေးဝန်ထမ်း ဆရာဆရာမများနှင့် ဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူရအောင်





# ခြင်ကျားအန္တရာယ် ဝိုင်းဝန်းကာကွယ်

မေယု-မျိုးအောင် (MANA)

**သွေးလွန်တုပ်ကွေးရောဂါသည် တစ်နှစ်ပတ်လုံးဖြစ်တတ်သောရောဂါဖြစ်ပြီး မိုးရာသီဖြစ်သော ဇူလိုင်လနှင့် ဩဂုတ်လများတွင် ပိုမိုအဖြစ်များသည်ကို တွေ့ရှိရသည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပေါ်တတ်သည်။ အသက် ၁၅ နှစ်အောက်ကလေး(သုံးနှစ်မှရှစ်နှစ်အရွယ်) များတွင် ဖြစ်ပွားမှုများသော်လည်း ၁၅ နှစ်အထက် ကလေးများတွင်လည်း ဖြစ်ပွားနေသည်။ ရာသီဥတုပြောင်းလဲချိန် မိုးတွင်းကာလတွင် နှစ်စဉ်အမြဲအဖြစ်များလေ့ရှိသည်မှာ သွေးလွန်တုပ်ကွေးရောဂါပင် ဖြစ်သည်။ ယင်းရောဂါသည် အခန့်မသင့်ပါက ဖြစ်ပွားသည့် ကလေး၊ လူကြီးမရွေး အသက်ဆုံးရှုံးနိုင်သည့်အတွက် အရိပ်တကြည့်ကြည့်ဖြင့် ဂရုတစိုက်စောင့်ရှောက်ပေးရန် လိုအပ်သည်။**

ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရာသီတုပ်ကွေးရောဂါများသည် သန့်ရှင်းမှုမရှိပါက အဖြစ်များနိုင်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက "မိုးရာသီတွင် အဖြစ်အများဆုံးကူးစက်ရောဂါများ"ဟုဆိုကာ ပြည်သူများသတိပြုနိုင်ရန် သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ကြေညာလျက်ရှိသည်။ သွေးလွန်တုပ်ကွေးသည် နှစ်စဉ်သတိပြုစရာအနေဖြင့်ရှိနေပြီး မိမိတို့၏ အိမ်နှင့်အနီးပတ်ဝန်းကျင်ရှိ ရေမြောင်းများ၊ တာယာများနှင့် အမှိုက်မှတစ်ဆင့် ရေတင်၊ ရေဝပ်နိုင်သည့်ပစ္စည်းများကြောင့် ခြင်ပေါက်ပွားမှုကို ပို၍ဖြစ်သဖြင့် မိုးတွင်းကာလသည် အခြားသော အချိန်များထက် ခြင်ပေါက်ပွားမှုကို ပိုမိုပေါက်ပွားလေ့ရှိသည်။

### လုပ်ဆောင်ပေးသင့်

ခြင်ကျားသည်နေ့ခင်းဘက်တွင် ကိုက်သည့်ခြင်ဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးများအနေဖြင့် ဂရုပြုသင့်သည်။ မိဘများအနေဖြင့်လည်း ကလေးငယ်များ ခြင်ကိုက်မခံရစေရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီအရှည်စသဖြင့် လုံခြုံသော ကျောင်းဝတ်စုံများကို ဝတ်ဆင်ပေး၍ ကျောင်းသို့ လွှတ်သင့်သည်။ စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်ရန် ကျောင်းတွင်းသန့်ရှင်းရေးများ ဖြစ်သည့် ရေလှောင်ကန်များတွင် ပိုးလောက်လမ်းသေစေမည့် အဘိတ်ဆေးခတ်ခြင်း၊ ငါးထည့်ခြင်း၊ စာသင်ခန်းများကို ဆေးမှုတ်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးသင့်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော အေးဒီးစ်(ခြင်ကျား) ခြင်ကိုက်ခံရ၍ဖြစ်သည်။ ခြင်ကျားသည် ရေကြည်၊ ရေသန့်တွင် အဓိကပေါက်ပွားပြီး နေ့အချိန်မှာ ကိုက်လေ့ရှိသည်။ ခြင်ကျားသည် အရုဏ်ဦးအချိန်နှင့် ညနေစောင်းအချိန်တွင်လည်း ကိုက်တတ်သည်။ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများမှာ နှစ်ရက်မှ ခုနစ်ရက်ခန့် အပြင်းဖျားတတ်သည်။ ဖျားသောအခါတွင် နှစ်ရက်၊ သုံးရက်ခန့်အထိ အဖျားတက်သည်။ ဆက်တိုက်အဖျားမကျပါက ပိုမိုဆိုးရွားလာတတ်သည်။ ပျို့အန်ခြင်းနှင့် ခန္ဓာကိုယ်တွင် အနီစက်များထွက်ခြင်းဖြစ်တတ်ပြီး ဝမ်းဗိုက်နာတတ်ခြင်း၊ သွေးလန့်သည့် လက္ခဏာများ ခံစားရတတ်သည်။





ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စာရင်းများအရ လှိုင်သာယာ၊ ဒလ၊ တောင်ဒဂုံ၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်းစသော မြို့နယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များသည်ဟု သိရသည်။ ရောဂါဖြစ်ပွားမှုများသည့် မြို့နယ်ရှိလူထုအနေဖြင့် ပိုးလောက်လမ်းနှိမ်နင်းခြင်းကို အဓိကထားဆောင်ရွက်ရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေး ဖြစ်ပွားစေသည့်ခြင်သည် ရေကြည်ရေသန့်တွင် ပေါက်ပွားသည့်ခြင်အမျိုးအစားဖြစ်ကာ ခြင်မပေါက်မီ ပိုးလောက်လမ်းဘဝမှစတင်၍ စနစ်တကျ နှိမ်နင်းနိုင်ပါမှ ရောဂါဖြစ်ပွားမှုနှုန်း လျှော့ချနိုင်မည်ဖြစ်သည်။ ပြည်သူလူထုဘက်ကလည်း ဖုံး၊ သွန်၊ ခတ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြှုပ်၊ ရှင်း၊ ထည့်ဟူသော ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နှိုးဆော်ထားသည်။

### ဝမ်းပျက်ဝမ်းလျှောရောဂါ

မိုးတွင်းကာလသို့ရောက်ရှိပြီဆိုပါက ဝမ်းပျက်ဝမ်းလျှောရောဂါသည်လည်း ထက်ကြပ်မကွာ ပါလာစမြဲပင်ဖြစ်သည်။ အသီးအနှံများ လွန်စွာပေါများသော်လည်း သန့်ရှင်းလတ်ဆတ်သည်များကိုသာ ရွေးချယ်စားသုံးသင့်သည်။ အမှည့်လွန်အသီးများကလည်း ဝမ်းပျက်ဝမ်းလျှောရောဂါကို ဖြစ်စေတတ်သဖြင့် အစားအသောက်ကြောင့်သော်လည်းကောင်း၊ အစားအစာကိုင်တွယ်သူများ၏ မသန့်ရှင်းမှုများကြောင့်သော်လည်းကောင်း ဝမ်းပျက်ဝမ်းလျှောရောဂါကို ဖြစ်စေနိုင်သည်။ အစားအစာများကို ကိုယ်တိုင်ချက်ပြုတ်ရာ၌လည်းကောင်း၊ အစားအသောက် ကိုင်တွယ်ရောင်းချသူများအနေဖြင့်လည်းကောင်း လက်သန့်ရှင်းရေးသည် အလွန်အရေးကြီးသည်။

သွေးလန့်သည့်လက္ခဏာများမှာ ဖျားရာမှ ရုတ်တရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အဖျားကျသော်လည်း ကလေးမှာ စားခြင်း၊ ကစားခြင်းမရှိဘဲ မှိန်းနေခြင်း သို့မဟုတ် ဂနာမငြိမ်ဖြစ်ခြင်း၊ မကြာခဏ အော့အန်ခြင်း၊ အန်သည့်အရည်တွင် အညိုရောင် အဖက်အမှျင်လေးများ ပါလာခြင်းတို့ဖြစ်သည်။ နှာခေါင်းသွေးလျှံခြင်း၊ သွားဖုံးမှ သွေးထွက်ခြင်းနှင့် ကတ္တရာစေးရောင် ဝမ်းအမည်းသွားခြင်းလက္ခဏာများလည်း ဖြစ်နိုင်သည်။ ကလေးငယ်များသည် ထိခိုက်လွယ်သောအရွယ်များဖြစ်၍ ပိုပြီးစိုးရိမ်ရသဖြင့် သတိကြီးစွာထားရန်လိုအပ်သည်။

ကန်ရေ၊ တွင်းရေများနှင့် မသန့်ရှင်းသောရေများကို အသုံးပြုမိပါကလည်း ဖြစ်စေနိုင်သည်။ မသန့်ရှင်းသောရေ မဖြစ်စေရန် ရေကိုကျိုချက်၍ သောက်သုံးသင့်သည်။ အစားအသောက်များကိုလည်း ပူပူနွေးနွေးစားသင့်သကဲ့သို့ အစားအစာများကို ယင်လုံအောင်ထားရမည်ဖြစ်သည်။

တစ်နေ့စာတစ်နေ့ ချက်ထားသော ထမင်း၊ ဟင်းများကို ကုန်အောင်စားသုံးရမည်ဖြစ်သည်။ ရက်ကျန်အစားအစာများကို နွေး၍ စားသုံးခြင်းများ မပြုလုပ်သင့်ပေ။ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းများကို ခံစားရပြီး ပြင်းထန်ပါက အသက်ဆုံးရှုံးနိုင်သည့်အတွက် မပေါ့ဆသင့်ဘဲ သတိပြုရန်လိုအပ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်နေပါက အစားအသောက်များစားနိုင်သည်။ စွပ်ပြုတ်ရည်၊ ဓာတ်ဆားရည် စသောအားရှိမည့် အစားအသောက်များကို ဝင်အောင်ကျွေးရမည်ဖြစ်သည်။ အစာပျော့ပျော့ကို ကျွေးရမည်။ ကော်ဖီ၊ လက်ဖက်ရည်၊ ချောကလက်စသော အညိုရောင်ပါသော အစားအသောက်များကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါပြင်းထန်လာပါက ကော်ဖီရောင် အန်တတ်ခြင်းကြောင့်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါအတွက် သီးခြားကုထုံးမရှိဟု သိရသည်။ ရောဂါကို ဆောလျင်စွာသိရှိပြီး သေချာကုသမှုခံယူပါက သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

**ခြင်ကောင်ကြီးဘဝ နှိမ်နင်းခြင်းထက် ပိုးလောက်လမ်းဘဝတွင် သုတ်သင်ရှင်းလင်းမှ သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်နိုင်မည်ဖြစ်သည်။ အိမ်တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့တိုင်း၌ ပြည်သူများအားလုံး ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ တစ်ပြိုင်နက် ဆောင်ရွက်ရမည်ဖြစ်သလို ကျောင်းများတွင်လည်း သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောပို့ချရမည်ဖြစ်သည်။ ခန်းဆီးလိုက်ကာများ၊ ခြင်ထောင်များကို ပိုးသတ်ဆေးစိမ်ပေးရပါမည်။**

### ပိုးလောက်လမ်းဘဝတွင် သုတ်သင်ရှင်းလင်း

ခြင်ကောင်ကြီးဘဝ နှိမ်နင်းခြင်းထက် ပိုးလောက်လမ်းဘဝတွင် သုတ်သင်ရှင်းလင်းမှ သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်နိုင်မည်ဖြစ်သည်။ အိမ်တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့တိုင်း၌ ပြည်သူများအားလုံး ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ တစ်ပြိုင်နက် ဆောင်ရွက်ရမည်ဖြစ်သလို ကျောင်းများတွင်လည်း သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောပို့ချရမည်ဖြစ်သည်။ ခန်းဆီးလိုက်ကာများ၊ ခြင်ထောင်များကို ပိုးသတ်ဆေးစိမ်ပေးရပါမည်။ မိုးရာသီတွင် ကျောင်းသား ကျောင်းသူများ ဖျားပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြရမည်ဖြစ်သည်။

ရောဂါပိုးများသည် လေမှတစ်ဆင့် ကူးစက်နိုင်သည့်အတွက် နှာချေ၊ ချောင်းဆိုးသည့်အခါများတွင် ပါးစပ်နှင့်နှာခေါင်းများကို လက်ကိုင်ပဝါ၊ တစ်ရှူးများအပြင် မိမိ၏လက်မောင်းကိုအသုံးပြု၍ အုပ်ဆိုးခြင်းက ပိုမိုထိရောက်နိုင်သည်။ ထို့အပြင် လူနာကို ထိတွေ့မိသူများအနေဖြင့် လက်ကို စနစ်တကျဆေးသင့်ပြီး အရာဝတ္ထုတစ်ခုခုကို ကိုင်တွယ်ပြီးချိန်တိုင်း၊ မကိုင်တွယ်မီအချိန်တိုင်း၌ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောသင့်သည်။

ရာသီတုပ်ကွေး၏လက္ခဏာများမှာ ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်များကိုက်ခဲခြင်း၊ နုံးခွေခြင်းများ ဖြစ်နိုင်သည်။ ထိုကဲ့သို့ လက္ခဏာများထက်ကျော်လွန်၍ ပြင်းထန်အဆင့်ကို ရောက်ရှိပါက အဖျားကြီးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်း စသည့်လက္ခဏာများဖြစ်ပေါ်ပါက ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံး သွားရောက်ပြသသင့်သည်။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဆား၊ စက်ဆီဟောင်းများလောင်းထည့်ခြင်း၊ ဘယ်အချိန်အိပ်အိပ် ခြင်ထောင်ထောင်အိပ်သင့်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကျားကိုက်ခံရ၍ ဖြစ်သောကြောင့် ခြင်ကိုက်မခံရအောင် ခြင်ထောင်နှင့်အိပ်ရမည်ဖြစ်သည်။ ခြင်ကိုက်မခံရအောင် ဆေးစိမ်ခြင်ထောင်အသုံးပြု၍ အိပ်ပါက ပိုကောင်းသည်။ မိုးရာသီတွင် ကလေးများဖျားနာလျှင် သွေးလွန်တုပ်ကွေးရောဂါဖြစ်နိုင်၍ ဂရုပြုသတိထား စောင့်ကြည့်ရမည်ဖြစ်သည့်အပြင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးကို လူတိုင်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်အနီးရှိ အိမ်တိုင်း၊ ရပ်ကွက်တိုင်း ကျောင်းအားလုံး သန့်ရှင်းမှသာ ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# ရေကန်တူးဖော်ပြီးစီးမှုနှင့် ရေဝင်ရောက်မှု ကွင်းဆင်းစစ်ဆေး

**ရမ်းဗြဲ ဇွန် ၂၈**
ရမ်းဗြဲမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရေကန်တူးဖော်ခြင်း လုပ်ငန်းပြီးစီးမှုနှင့် ရေဝင်ရောက်မှုအခြေအနေအား ရမ်းဗြဲမြို့နယ် ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းနှင့် ဝန်ထမ်းများက ဇွန် ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**ရာနှုန်းပြည့်ပြီးစီး**

ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ရန်ပုံငွေဖြင့် မရွတ်ချိန်ကျေးရွာအုပ်စု တောင်ပေါ်ကျေးရွာတွင် မြေသားရေကန် ပေ ၃၀၀၊ ပေ ၁၅၀၊ ၁၀ ပေ တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ တောင်ပေါ်ကျေးရွာတွင် မြေသားရေကန် တူးဖော်ခြင်းကို ခွင့်ပြုငွေကျပ် ၆၅ ဒသမ သုည သန်းဖြင့် ရေမျက်တောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ လုပ်ငန်းအားလုံးမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပြီး ရေဝင်ရောက်ကာ သိုလှောင်လျက် ရှိသည်။

**ဖူလုံစွာရရှိသုံးစွဲနိုင်မည်**

အဆိုပါမြေသားရေကန်တွင် ရေဝင်ဆံ့မှုအနေဖြင့် ရေဂါလန် ၂ ဒသမ ၈ သန်းခန့်ဝင်ဆံ့မည်ဖြစ်ရာ တောင်ပေါ်ကျေးရွာနေ အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၉၅၀၈ ဦးတို့မှာ နွေရာသီ သောက်သုံးရေ ဖူလုံစွာရရှိသုံးစွဲနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၃) ရက် နေပြည်တော်



# ကဝမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း လွှဲပြောင်းပေးအပ်

**ကဝ ဇွန် ၂၈**
ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကြီးကြပ်ဆောင်ရွက်ခဲ့သည့် တကောကနုတ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းဖြစ်သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါလုပ်ငန်းအား ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လုပ်ငန်းပြီးစီးကြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကျေးရွာကော်မတီသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်နှင်းသုန်**

# ထန်းလျက်ဈေးနှုန်း ကျဆင်းနေသော်လည်း မိသားစုစားဝတ်နေရေး အခက်အခဲကြောင့် ဆက်လက်လုပ်ကိုင်နေရ

**ညောင်ဦး ဇွန် ၂၈**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ထန်းတောင်သူများ၊ ငါ့သရောက်မြို့ရှိ ထန်းတောင်သူများ၊ ညောင်ဦးမြို့နယ်ရှိ ထန်းတောင်သူများသည် ထန်းလျက်ဈေးနှုန်းမကောင်းသော်လည်း မိသားစုစားဝတ်နေရေးအခက်အခဲများကြောင့် ထန်းတက်လုပ်ငန်း ဆက်လက်လုပ်ကိုင်နေရကြောင်း ညောင်ဦးမြို့နယ် အုတ်လှေကားကျေးရွာ ထန်းတောင်သူ ဦးမင်းအောင်ထံက သိရသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာများ၊ ငါ့သရောက်မြို့ ကျေးရွာများ၊ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ထန်းတောင်သူ အများအပြား ထန်းတက်လုပ်ငန်းလုပ်ကိုင်နေကြသော်လည်း ထန်းလျက်ဈေးနှုန်းမှာ တစ်ပိဿာ ငွေကျပ် ၁၀၀၀ မှ ၁၂၀၀ သာ ရောင်းချနေရကြောင်း ငါ့သရောက်မြို့ ဆင်သားမွေးကျေးရွာ ထန်းတောင်သူ ဦးခင်မောင်ထွန်းက ပြောသည်။

ထန်းတောင်သူလုပ်ငန်းသည် အိမ်ရှိလူကုန်ပင်ပန်းသည့်လုပ်ငန်းဖြစ်ကာ မိသားစုစားဝတ်နေရေးအခက်အခဲများကြောင့်သာ ထန်းတက်လုပ်ငန်း ဆက်လက်လုပ်ကိုင်နေရကြောင်း ထန်းတောင်သူများထံမှ သိရသည်။

**ကိုထိန် (KPD)**



# ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်း တောင်သူများ ဈေးကောင်းရရန် မျှော်လင့်

**ပွင့်ဖြူ ဇွန် ၂၈**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ပြည်သူများသည် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းကို (နွေ၊ မိုး၊ ဆောင်း) သုံးရာသီ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ်တွင်လည်း ဖူးစားပြောင်းများကို စီးပွားဖြစ် အားထားစိုက်ပျိုးလုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိနေကြကြောင်း ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာရှိ ဖူးစားပြောင်း စိုက်ပျိုးတောင်သူများထံမှ သိရသည်။

“ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်က စိုက်ပျိုးရေ ဖူလုံတဲ့အတွက် ဒေသခံတောင်သူတွေဟာ စိုက်ပျိုးရေးလုပ်ငန်းကို (နွေ၊ မိုး၊ ဆောင်း) သုံးရာသီ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ သီးနှံတွေ စိုက်ပျိုးရာမှာ ဖူးစားပြောင်းဖြစ်တဲ့ သကြားပြောင်းဖူးသီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပါတယ်။ တောင်သူအများစုကတော့ ဖူးစားပြောင်း၊ ငရုတ်၊ ကြက်သွန်၊ ခရမ်းချဉ်၊ ကုလားပဲ၊ အခြားဟင်းသီးဟင်းရွက် သီးနှံစားပင်တွေကို စီးပွားဖြစ်စိုက်ပျိုးကြပါတယ်။ အခုနှစ် မိုးရာသီမှာလည်း ဖူးစားပြောင်းကို တောင်သူတွေ အားထားစိုက်ပျိုးကြပြီး စိုက်ပျိုးတဲ့ ဖူးစားပြောင်းမျိုးကတော့ အရပ်ခေါ် ပန်ရွှေသကြားပြောင်းမျိုးဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကတော့ ဖူးစားပြောင်းတစ်ဖူးကို လက်လီဈေး ငွေကျပ် ၂၀၀ နှုန်းရောင်းချရပြီး ဖောက်သည်ဈေးက တစ်ဖူးကို ငွေကျပ် ၁၅၀ နှုန်း ရောင်းချရပါတယ်။ ဒီနှစ်မှာလည်း ဖူးစားပြောင်းပေါ်ချိန် တောင်သူတွေအနေနဲ့ ဈေးကောင်းရရှိရေးအတွက် မျှော်လင့်နေကြပါတယ်” ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ဒေသခံတောင်သူ ဦးရဲမြင့်က ပြောသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိ အညာကျေးလက်နေ တောင်သူများသည် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ဖြင့် စပါး၊ နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲထောပတ်၊ နေကြာနှင့် အခြားဟင်းသီးဟင်းရွက်စားပင်သီးနှံများကို (နွေ၊ မိုး၊ ဆောင်း) သုံးရာသီစီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးသည့်သီးနှံများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိသဖြင့် သီးနှံဝင်ငွေတိုးပွားကာ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြကြောင်း သိရသည်။ **ရဲဝင်းနိုင် (ပြန်/ဆက်)**

# ရေနံချောင်းမြို့နယ်၌ နှမ်းပင်များ အောင်မြင်ဖြစ်ထွန်း၍ ဒေသခံများဝင်ငွေတိုး

**ရေနံချောင်း ဇွန် ၂၈**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ နှမ်းပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒေသခံများ ဝင်ငွေရရှိနေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ယခုနှစ် မေလနောက်ဆုံးပတ်မှစပြီး ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ နှမ်းကို စတင်စိုက်ပျိုးခဲ့ကြရာ လက်ရှိနှမ်းများ အောင်မြင်ဖြစ်ထွန်းနေသည့်အပြင် အလုပ်သမားများ ဒေသအခေါ် (ပေါင်းနုတ်၊ မြက်နုတ်) အလုပ်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိနေကြကြောင်း သိရသည်။

“ဒေသခံ အမျိုးသမီးတွေလည်း ယာမြေလုပ်ငန်းခွင်မှာ ပေါင်းနုတ်အငှားလိုက်ကြရတယ်။ အလုပ်သမားတစ်ဦး တစ်နေ့ ဝင်ငွေကျပ် ၄၀၀၀ ရပါတယ်” ဟု သပြေစမ်းကျေးရွာနေ အမျိုးသား တစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်၌ ပြည်တွင်း၌ ဆီစက်များနှင့် ပြည်ပဝယ်လိုအားရှိသောကြောင့် မိုးရာသီ သီးနှံနှမ်းကို စိုက်ပျိုးကြသည့်အပြင် မိုးလယ် ဆောင်းနှမ်းကိုလည်း နှစ်စဉ်စိုက်ပျိုးကြသည်။ ယခုနှစ် မိုးရာသီတွင် မြို့နယ်အတွင်း၌ မိုးနှမ်းစိုက်ဧက ၃၄၂၀၈ ဧကကို လျာထား စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**

■

# ဆင်းရဲစိတ်ကိုဖျောက် တန်ခိုးကြီးသောအတွင်းစိတ်ကို ပြုပြင်ပါ

ပီမိုးနင်း

**လူသတ္တဝါတို့သည် အတွင်းစိတ်တွင် စွဲနေသော အထင်အမြင်အတိုင်း ဖြစ်၍နေကြရ၏။**

နှစ်ပေါင်းများစွာ ဆင်းရဲသူများသည်လည်းကောင်း၊ ကိုယ်ပိုင်ငွေကြေးအမြောက်အမြား ကိုင်တွယ်သုံးစွဲခြင်း မပြုရသူများသည်လည်းကောင်း၊ မိမိကိုယ်ကို ကြွယ်ဝချမ်းသာခြင်းအဖြစ်နှင့် မသက်ဆိုင်သူများဟူ၍ မသိမသာမှတ်ထင်၍ နေတတ်ကြလေသည်။

မိမိကိုယ်ကို အမြဲဆင်းရဲ၍ နေမည်မဟုတ်။ တစ်နေ့သ၌ ချမ်းသာဦးမှာပဲဟူ၍ပင် နှုတ်မှပြောစေကာမူ မိမိတို့ပြောသောစကားကို မိမိတို့ကိုယ်တိုင်လျှင် စိတ်ချလက်ချ မယုံကြည်ကြပေ။

ထိုမယုံကြည်သော စိတ်၏သက်သေသည်ကား အခြားမဟုတ်။ ကြီးပွားဖြစ်ထွန်းအောင် ထိထိရောက်ရောက် မလုပ်ခြင်းပင် ဖြစ်လေသည်။ မိမိတို့တစ်နေ့သ၌ အမှန်ကြီးပွားနိုင်ဦးမည်ဟု အဟုတ်တကယ် ယုံကြည်သောစိတ် ရှိကြချေက ကြီးပွားရန်နည်းလမ်းကို မတွေ့မနေရအောင် ထိထိရောက်ရောက် ရှာကြံကြမည်ကား အမှန်ပင် ဖြစ်လေသည်။ ရှာကြံတွေ့ရှိရသောအခါ၌လည်း ထိထိရောက်ရောက် မိမိရရဖြစ်မြောက်အောင် လုပ်ကြမည်သာပင်။

ချောတိုင်ကို ကြိုးကြိုးစားစားတက်သူများသည် တိုင်ထိပ်၌ ဝတ္ထုပစ္စည်းတစ်ခုခုရှိသည်ကို ဒိဋ္ဌအမှန် သိမြင်ကြ၏။ တိုင်ထိပ်သို့ရောက်လျှင် ထိုအရာဝတ္ထုကို ကေန်ရမည်ဟု ယုံကြည်စိတ်ချကြ၏။ သို့ဖြစ်သောကြောင့် သဲသဲမဲမဲဇွဲသန်သန်ဖြင့် တက်ကြလေသည်။ တိုင်ထိပ်၌ ရစရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာရှိသည်မရှိသည်ကို သေချာစွာ မသိမမြင်ရချေက ကြိုးကြိုးစားစား တက်ကြမည် မဟုတ်ပေ။

ထို့အတူ မိမိကိုယ်ကိုကြီးပွားချမ်းသာနိုင်မည့် လူစားမျိုးဟူ၍ စိတ်ချလက်ချမယုံကြည်ဖြစ်၍ နေကြသူများသည် ကြီးပွားဖြစ်ထွန်းအောင် ထိထိရောက်ရောက် ကြိုးစားကြမည် မဟုတ်ပေ။

ထိုသူမျိုး၏စိတ်၌ သူဋ္ဌေးသူကြွယ်ဆိုသည်မှာ သူဋ္ဌေးသူကြွယ်ဖြစ်ဖို့ မွေးလာသည့်လူတစ်မျိုးဖြစ်သည်။ ငါတို့လို လူမျိုးတွေမဟုတ်ဟူသော အစွဲတစ်မျိုးသည် မသိမသာ ရှိနေတတ်ကြလေသည်။ အထူးသဖြင့် တာရှည်လေးမြင့်စွာ ဆင်းရဲ၍လာခဲ့သူများမှာ ထိုစိတ်မျိုး ရှိတတ်လေသည်။

ထိုစိတ်သည် ဆင်းရဲစိတ်ဖြစ်၏။ ထိုစိတ်ပင်လျှင် ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။ ကြီးပွားချမ်းသာရန်လမ်းတို့ကို ၎င်းစိတ်သည် အမြဲပိတ်ပင်တားဆီး၍နေ၏။ ထိုလူမျိုးသည် အဘယ်မျှပင် ထိထိုးစေကာမူ ထိပေါက်နိုင်ကြမည်မဟုတ်ပေ။ ဆင်းရဲစိတ်ကြီးသည် ဆင်းရဲအောင်ပြုခြင်း၊ လာဘ်လာဘ တိတ်ဆိတ်စေခြင်း၌ လွန်စွာအစွမ်းကောင်းသောစိတ်ဖြစ်သည်။

ကြီးပွားချမ်းသာမည့်လူများမှာကား ကြီးပွား၍နေသူများကို ကြည့်ကာ သင်းတို့က ဘာမို့ ငါတို့ထက် ပိုမိုကြီးကျယ်၍နေကြပါသလဲ။ ငါကား အဘယ်အတွက် သင်းတို့လောက် မကြီးပွားသလဲ ဟူသောစိတ်မျိုးကို အမြဲထားရှိကြသဖြင့် တက်လမ်းကို အမျိုးမျိုးအဖုံဖုံ တွေ့မြင်တတ်ကြလေသည်။ တွေ့သောအခါ၌လည်း ငါချမ်းသာပြီဟူသောစိတ်ကို ဒုန်းဒုန်းချကာ တစ်သမတ်တည်း ထိုလမ်းကို လိုက်ကြသဖြင့် ကြီးမြင့်ကြလေသည်။

ဆင်းရဲစိတ်ရှိသူများသည်ကား ကြီးပွားချမ်းသာသောလမ်းကို ကျိန်းသေပင် တွေ့မြင်သိရှိကြစေကာမူ စိတ်အားမထက်သန်ကြပေ။ ၎င်းတို့၏ အတွင်းစိတ်၌ စွဲ၍နေသော အစွဲသည်ကား ဤလမ်းကား ဟုတ်မှန်ပေ၏။ ကေန်အမှန် ကြီးပွားချမ်းသာမည့်လမ်းပေပဲ။ သို့သော်လည်း ငါကား ကြီးပွားချမ်းသာမည့် လူစားမျိုးမဟုတ်။ နေရာမကျပါဘူး။ ဟန်မယ်မထင်ပါဟူသောအစွဲ ဖြစ်လေသည်။ ထိုစကားသည် ရယ်ရွှင်ဖွယ်ရာကဲ့သို့ ဖြစ်၍နေ၏။ သို့သော်လည်း ဆင်းရဲသူများစွာတို့၏စိတ်၌ ထိုအစွဲမျိုး မကင်းကြပေ။ ထိုအစွဲမျိုးရှိကြောင်းကို မိမိတို့ကိုယ်တိုင်လည်း မသိကြပေ။

အကြောင်းမူကား လူတို့စိတ်မှာ နှစ်မျိုးရှိ၏။ မနိုးမကြား သိသိရရမဟုတ်၊ တိမ်မြုပ်သော အတွင်းစိတ်က တစ်မျိုး၊ နိုးနိုးကြားကြား သိသိရရဖြစ်သော အပြင်စိတ်က တစ်မျိုး။ ဤနှစ်မျိုးဖြစ်လေရာ မနိုးကြားသော အတွင်းစိတ်သည် လွန်စွာတန်ခိုးကြီး၏။ လောကဓာတ်ကြီးတစ်ခုလုံးကို ဖန်တီးတည်ထောင်၍ နေသောတန်ခိုးတော်အနန္တဖြစ်သည့် နိယာမသဘောတရားကြီးနှင့် ဆက်၍နေသောစိတ် ဖြစ်လေသည်။

> **အကြောင်းမူကား လူတို့စိတ်မှာ နှစ်မျိုးရှိ၏။ မနိုးမကြား သိသိရရမဟုတ်၊ တိမ်မြုပ်သော အတွင်းစိတ်က တစ်မျိုး၊ နိုးနိုးကြားကြား သိသိရရဖြစ်သော အပြင်စိတ်က တစ်မျိုး။ ဤနှစ်မျိုးဖြစ်လေရာ မနိုးကြားသော အတွင်းစိတ်သည် လွန်စွာတန်ခိုးကြီး၏။ လောကဓာတ်ကြီးတစ်ခုလုံးကို ဖန်တီးတည်ထောင်၍ နေသော တန်ခိုးတော်အနန္တဖြစ်သည့် နိယာမသဘော တရားကြီးနှင့် ဆက်၍နေသောစိတ်ဖြစ်**

လူသတ္တဝါတို့သည် ထိုအတွင်းစိတ်စွဲ၍နေသော အထင်အမြင်အတိုင်း ဖြစ်ကြရလေသည်။ သို့သော်လည်း ထိုအတွင်းစိတ်၌ရှိသော အထင်အမြင်အစွဲများသည် မထင်မရှား မသိမသာမြုပ်ကွယ်၍ နေမြဲဖြစ်လေသည်။ အတွင်းစိတ်၌ရှိသော ထိုအစွဲများကို အပြင်စိတ်သည် မသိမမြင်ဘဲ နေသည်သာ များလေသည်။

လူတစ်ယောက်သည် ခရီးသွားရာ၌ အဘယ်သို့သွားမည်ဟူသော ရည်ရွယ်ချက်သည် သိသိရရ နိုးနိုးကြားကြားဖြစ်သော အပြင်စိတ်နှင့်ဆိုင်၏။ လမ်းကွေ့လမ်းကောက်လမ်းခွဲများကိုလည်းကောင်း၊ လမ်းမမှားအောင် သွားဖို့ကိုလည်းကောင်း မနိုးကြားသော အတွင်းစိတ်က ထိန်းကြပ်ရလေသည်။

စာရေးရာ၌ နိုးကြားသောစိတ်သည် အကြောင်းအရာကိုသိ၏။ ရေးခြင်းအလုပ်ကိုကား မနိုးကြားသောစိတ်က လက်ကိုမှန်ကန်စွာရေးအောင် လှုံ့ဆော်၍ပေးလေသည်။ စာတစ်လုံးပြီးတစ်လုံး နိုးနိုးကြားကြား စဉ်းစဉ်းစားစားရေးသည် မဟုတ်ပေ။ နိုးကြားသောစိတ်သည် သိ၏။ မြင်၏။ သို့သော်လည်း တန်ဖိုးမကြီးပေ။ သို့အတွက် မှားတတ်လေသည်။

ဥပမာ .. စာရေးရာ၌ စာလုံးများကိုသော်လည်းကောင်း၊ သတ်ပုံများကိုသော် လည်းကောင်း၊ နိုးနိုးကြားကြား သတိပြုရေးသည့်အခါ မှားတတ်လေသည်။ အကြောင်းအရာကိုသာ စဉ်းစားပြီး စာလုံးများနှင့် သတ်ပုံများကို ဂရုမစိုက်ဘဲ မနိုးကြားသော စိတ်သို့ လုံးလုံးတာဝန်လွှဲအပ်ကာ အမှတ်တမဲ့ရေးချေက မှားမည်မဟုတ်ပေ။ ဤကား မနိုးကြားသော စိတ်တန်ခိုးကြီးကြောင်း သက်သေဖြစ်လေသည်။ ထိုမနိုးကြားသောစိတ်၌ မသိမသာရှိနေသော အထင်အမြင်အတိုင်း လူသတ္တဝါတို့မှာ ဖြစ်ရလေသည်။

ဘေးတွေ့မှာကို အမြဲကြောက်၍နေသူတို့မှာ တစ်နေ့သ၌ ထိုကြောက်စိတ်သည် မနိုးကြားသော စိတ်သို့ ကူးစက်၍သွားရ၏။ ထိုကဲ့သို့ ကူးစက်သောအခါ ထိုမနိုးကြားသောစိတ်ကပင် အန္တရာယ်ကို ဖြစ်ပေါ်အောင် တစ်နည်းနည်းနှင့် ဖန်တီး၍ ပေးရလေသည်။ ထို့အတူ ထိုမနိုးကြားသောစိတ်၌ ငါ လူဆင်းရဲမျိုးဟူသော အစွဲကြီးငြိ၍ နေသူမှန်က ထီထိုး၍လည်း မပေါက်နိုင်။ မြင်းလောင်း၍လည်း အကြီးအကျယ်မရ။ ကြံစည်လုပ်ကိုင်သမျှတို့မှာလည်း ချော်တော‌ငေါ့ကြမည်သာတည်း။

သို့ဖြစ်လေရာ ထိုကြောက်မက်ဖွယ်ရာ တန်ခိုးကြီးသောအတွင်းစိတ်၌ အနိဋ္ဌာရုံအစွဲတစ်ခုခု ရှိ၊ မရှိကို သေချာစွာစစ်ဆေးကြရမည်။ တွေ့ရှိကြရချေက စဉ်းစားဆင်ခြင်သောဉာဏ်ဖြင့် ဖျောက်ဖျက်၍သော်လည်းကောင်း၊ အနိဋ္ဌာရုံအစွဲအစား ဣဋ္ဌာရုံအစွဲတစ်ခုခုကိုသော်လည်းကောင်း ပြောင်းလဲ၍ပေးမှသာလျှင် ကြီးပွားချမ်းသာနိုင်ကြမည်ကား မလွဲမှားနိုင်သော ဆိုင်ကော်လေ်ဂျီသဘောတရားဖြစ်ပေသတည်း။

အဘယ်ပုံ စစ်ဆေးရမည်နည်းဆိုသော် အတွင်းစိတ်သည် အိပ်မက်ကို ဖန်တီးသောစိတ်ဖြစ်၏။ ထိုစိတ်၌ရှိသောအစွဲများသည် အိပ်မက်၌ ပေါ်ပေါက်ရလေသည်။ အိပ်မက်ဆိုသည်မှာ အခြားမဟုတ်၊ နိုးကြားကြံစည်သောစိတ်သည် ငြိမ်သက်၍ သွားမည့်ဆဲဆဲအခါ၌ မနိုးကြားသောစိတ်သည် နိုးကြားသော စိတ်၏နေရာအနီးသို့ ချဉ်းကပ်၍လာခြင်းပင် ဖြစ်လေသည်။ သို့ချဉ်းကပ်၍လာသောအခါ၌ ၎င်းမှာ မသိမသာ စွဲ၍နေသောအစွဲတို့သည်လည်း လိုက်ပါ၍လာကြလေသည်။

ထိုအခါ လုံးလုံးကြီး မဆိတ်မငြိမ်မကွယ်မပျောက်သေးသော နိုးကြားသော စိတ်သည် မနိုးကြားသောစိတ်၌ပါလာသော အစွဲများကို တွေ့မြင်လေသည်။ ထိုတွေ့မြင်ခြင်းပင်လျှင် အိပ်မက်ဖြစ်လေသည်။ အကယ်၍ နိုးကြားသောစိတ်သည် လုံးလုံးလျားလျား ဆိတ်ငြိမ်ကွယ်ပျောက်၍သွားချေက မနိုးကြားသောစိတ်၌ ပါလာသည့် အစွဲများကို မြင်မည်မဟုတ်ပေ။ ထိုကဲ့သို့ မြင်သောအခါမျိုးသည် အိပ်မောကြီးကျ၍ နေသောအခါမျိုး ဖြစ်လေသည်။

ဥပမာ လူတစ်ယောက်သည် ကြီးပွားချမ်းသာ၍လာသော မိတ်ဆွေတစ်ယောက်အပေါ်၌ ပျက်စီးစေလိုသောစိတ်ရှိအံ့။ ထိုစိတ်သည် ထင်ထင်ရှားရှား သိသိရရမဟုတ်။ ချစ်ဟန်ခင်ဟန် လိုလားဟန် လုပ်၍နေသော နိုးကြားသောစိတ်ကို ရှက်ကြောက်သဖြင့် မနိုးကြားသောအတွင်းစိတ်မှာ ကပ်တွယ်ခိုအောင်း၍ နေတတ်၏။ ထိုအခါ မိမိ၏အတွင်းစိတ်၌ ထိုမကောင်းသာ ဣဿစိတ်ရှိသည်ကို သေချာစွာမသိ၊ မသိလည်း မသိချင်။ မိမိကိုယ်ကို မိမိလှည့်စားလျက် ငါ့မိတ်ဆွေကြီး ကြီးပွားချမ်းသာနေပြီ။ ငါ လွန်စွာဝမ်းမြောက်သည်ဟု မိမိကိုယ်မိမိ လိမ်လည်၍နေ၏။ သို့လိမ်လည်၍ နေခြင်းကြောင့် မိမိမိတ်ဆွေအပေါ်၌ ပျက်စီးစေလိုသောစိတ်ထားရှိသည်ကို မိမိကိုယ်တိုင် မသိဘဲရှိလေသည်။ ထိုစိတ်မရှိကြောင်းကို ဘုရားကိုတိုင်တည်၍လည်းကောင်း၊ ကျမ်းကျိန်၍လည်းကောင်း ပြောရဲကြလေသည်။

ထိုကဲ့သို့သောသူများအား အိပ်မက်သည် မှန်ရာကို ပြောလာ၏။ ဘယ်ပုံပြောပါသနည်း။ ထိုမိတ်ဆွေသည် ၎င်း၏အိမ်ကို မီးလောင်နေသည်။ ဆင်းဆင်းရဲရဲ ဖြစ်နေသည်။ ဘေးဒုက္ခတစ်ခုခုနှင့် တွေ့၍နေသည်။ ပြေးလွှားနေရသည်။ လူးလိမ့်နာကျင်၍ နေရသည်။ ငိုကြွေး၍ပင် နေရသည်ဟူသော အိပ်မက်မျိုးကို မက်စေခြင်းဖြင့် အမှန်ကို ပြောတတ်လေသည်။ သို့ဖြစ်လေရာ မိတ်ဆွေတစ်ယောက်က အသင့်အား အသင်သေသည်ဟု အိပ်မက်၌ မက်မြင်ကြောင်း အသင့်အား လာပြောချေက ထိုမိတ်ဆွေသည် မိတ်ဆွေစစ်မဟုတ်ဟု ပုံသေမှတ်ယူရမည်။ ကိုယ်တိုင်နှင့်ပတ်သက်ရာ၌လည်း ထိုအစွဲမျိုးရှိသည်ကို မှန်ကန်စွာ မသိက အိပ်မက်ကိုစစ်ဆေးခြင်းဖြင့် သိနိုင်ကြလေသည်။ ပျက်စီးမှာကို ကြောက်၍နေသောသူသည် ပျက်စီးတတ်၏။ ထိုကြောက်စိတ်ရှိသည်ကိုလည်း မသိဘဲ နေမိချေအံ့။ အိပ်မက်ဖြင့်သိရ၏။ အကြောင်းမူကား ပျက်စီးဆင်းရဲခြင်းပင်လျှင် အနက်အဓိပ္ပာယ်ရှိသော အိပ်မက်မျိုးမက်တတ်လေသည်။ ထိုအိပ်မက်မျိုးကို မက်မြင်သည့်အခါ ထိုအိပ်မက်သည် ဆင်းရဲဒုက္ခရောက်ခြင်းလျှင် အဓိပ္ပာယ်ရှိ၏။ ငါ၌ ဆင်းရဲဒုက္ခတစ်ခုခုဖြစ်မှာကို ကြောက်ရွံ့နေသော အစွဲစိတ်ရှိလေသလားဟု သေချာစွာ စစ်မေးရမည်။ သို့စစ်ဆေး၍ တွေ့ရှိရသည့်အခါ မကြာမကြာ ထိုအစွဲကို စဉ်းစားပြီးလျှင် ဉာဏ်ဖြင့် ဖျောက်ဖျက်ရမည်။ မဖျောက်ဖျက်ဘဲထားချေက ထိုအစွဲရှိကြောင်းကို မေ့လျော့၍သွားလိမ့်မည်။ မေ့လျော့၍သွားသောအခါ၌ ထိုအစွဲအတိုင်း မဖြစ်မနေရအောင် တန်ခိုးကြီးသောအတွင်းစိတ်သည် နည်းလမ်းတွေကို ဖန်တီး၍နေရလေသည်။

ဖျောက်ဖျက်ခြင်းဆိုသည့်စကားသည် များစွာမသေချာသောစကားဖြစ်၏။ အမှန်မှာကား ထိုအစွဲကို မမေ့အောင် အဖန်ဖန်စဉ်းစားခြင်းပင်ဖြစ်လေသည်။ အတွင်းစိတ်၌ရှိသည့် မကောင်းသောအစွဲများသည် မေ့လျော့ပျောက်ပျက်သည့်အခါ ဖမ်းစားတတ်လေသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ အထက်ထက်က အတော်ပင်ရေးခဲ့ဖူး၏။ သို့သော်လည်း ထိုအချက်ကို ပိုင်နိုင်စွာမသိကြသည့်အတွက် ဆင်းရဲဒုက္ခအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုး တွေ့ကြုံရသူတွေ မြောက်မြားစွာရှိသည်ကို သိရသဖြင့် ထပ်လောင်းရေးသားရခြင်းဖြစ်လေရာ များလွန်းသည်ဟု မဆိုအပ်ပေ။

**တိုးတက်ရေး၊ နံပါတ် ၅၀၊ နိုဝင်ဘာ၊ ၁၉၃၇။**



# မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ဦးဆောင်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုး ပွဲတော်ကို မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲ ဒေသတွင် ဇွန် ၂၇ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက မဟော်ဂနီပင်များအား စိုက်ပျိုးပေးကြပြီး မိုးရာသီသစ်ပင် စိုက်ပျိုးပေးနေမှု များကို လိုက်လံကြည့်ရှုအားပေးသည်။

လှော်ကားရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်ရေး ရည်ရွယ်ချက်များဖြင့်ဧက ၅၀ ပေါ်တွင် ပျဉ်းကတိုး ပင် ၁၈၆၃၀၊ ဆီသပြေပင် ၈၁၀၀၊ မဟော်ဂနီပင် ၂၇၀ စုစုပေါင်း ၂၇၀၀၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရ သည်။

ထို့နောက် ရှင်းလင်းဆောင်တွင် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစား ကွင်းများဌာနမှ ဌာနမှူး ဦးကိုကိုလင်းက လှော်ကား ရေဝေရေလဲစိုက်ခင်းဧရိယာအတွင်း စိုက်ပျိုးပြီးစီးခဲ့ သည့် ဧရိယာ၊ စိုက်ပျိုးသွားမည့် ဧရိယာများ၊ ဆက် လက်စိုက်ပျိုးရန် ကျန်ရှိနေသည့် ဧရိယာများ၊ ရန်ကုန် မြို့တော် နယ်နိမိတ် (၃၃) မြို့နယ်အတွင်း သစ်ပင် စိုက်ပျိုးထားရှိမှုနှင့် အပင်များရှင်သန်မှုအခြေအနေ များနှင့် လှော်ကားရေဝေရေလဲစိုက်ခင်းဧရိယာဝင်း အတွင်း ဝါးမျိုးစိတ်များစုဆောင်းစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ရေဝေ ရေလဲဒေသအတွင်း လုံခြုံရေးစနစ်ကောင်းမွန်စေရေး၊ သစ်ပင်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့်စိုက်ပျိုး ပြီးစီးသွားသည့်အပင်များ ဆက်လက်ရှင်သန် ကြီးထွားစေရန် ထိန်းသိမ်းစောင့်ရှောက်သွားရေး တို့ကို လမ်းညွှန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# မြစ်ကြီးနားမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြသမှုကြည့်ရှု

**မြစ်ကြီးနား ဇွန် ၂၈**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၂၆ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး ခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ လျှောင်ဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြသမှုအခမ်း အနားကို တက်ရောက်အားပေးခဲ့သည်။

ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများက မြစ်ကြီးနားမြို့ ပလနနယ်မြေ(၁)ရပ်ကွက်ရှိ ကွန်ပျူတာတက္ကသိုလ် ဆောက်လုပ်ရန်လျာထားမြေ နေရာဧက ၃၀ အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက် နေသည့် ရွှေစက်ရပ်ကွက်အတွင်း ပလန-၅ သဇင်မြိုင်ကျေးရွာနှင့် နောင်တောင်ကျေးရွာချင်း ဆက်လမ်း ကွန်ကရစ်ခင်းလုပ်ငန်း ဆောင်ရွက်နေမှု ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မြစ်ကြီးနားမြို့နယ် ပညာရေး ကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းဝင်း အတွင်း၌ ပြုလုပ်သည့် လျှောင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံ ပြိုကျပျက်စီးနေသော အဆောက် အအုံအတွင်းမှ ပိတ်မိပြည်သူများအား မီးသတ်ဦးစီး ဌာန၊ တပ်ခွဲအဆင့်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် များက မျက်မြင်လူနာများအား ဦးစားပေးအလိုက် ဘေးကင်းဇုန်သို့ သယ်ယူရွှေ့ပြောင်းခြင်း၊ ခေတ်မီ ရှာဖွေကယ်ဆယ်ရေးစက်ကိရိယာများဖြင့် ရှာဖွေ ကယ်ဆယ်ခြင်းလုပ်ငန်း လက်တွေ့သရုပ်ပြသမှု များကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မီးသတ်ဦးစီးဌာန၊ တပ်ခွဲအဆင့်လျှောင် ဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေး လက်တွေ့သရုပ် ပြသသည့် အဖွဲ့အား ချီးမြှင့်ငွေကျပ် ၅၀၀၀၀၀ ပေး အပ်ခဲ့ကြောင်းနှင့်မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသ ထားသည့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်း နှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိ ရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကျိုင်းတုံမြို့နယ် ဗုဒ္ဓဥယျာဉ်အတွင်း အရိပ်ရပင်များ စိုက်ပျိုးပေး

**ကျိုင်းတုံ ဇွန် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ မြို့နယ် ပန်ကွဲကျေးရွာရှိ ဗုဒ္ဓ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည် သာယာရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် နယ်မြေခံ တပ်မတော်သားများ ပူးပေါင်း၍ အရိပ်ရ စိန်ပန်းနီပင်များ စုပေါင်း စိုက်ပျိုးခြင်းကို ဇွန် ၂၆ ရက် နံနက် ၈ နာရီခွဲက အဆိုပါ ဗုဒ္ဓဥယျာဉ် ပုရိဝုဏ်အတွင်း၌ ကျင်းပသည်။

အဆိုပါ ဗုဒ္ဓဥယျာဉ်အတွင်း ဘုရားဖူးပြည်သူများ စိတ်အေး ချမ်းသာစွာ ဘုရားဖူးအပန်းဖြေ အနားယူနိုင်ရေး၊ ရေရှည်စိမ်းလန်း စိုပြည်စေပြီး ရာသီဥတုမျှတစေရေး တို့အတွက် အရိပ်ရစိန်ပန်းနီ ပျိုးပင် ၃၀၀ စိုက်ပျိုးနေမှုကို တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ ပြည်နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးခဲ့သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန် ရှိသူများသည် ဗုဒ္ဓဥယျာဉ်တွင် တည်ထားကိုးကွယ်မည့် သတ္တ သတ္တာဟ မဟာဗောဓိစေတီတော် မြတ်ကြီး တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုပြီး လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်**

# အမျိုးသမီးကော်မတီ အစည်းအဝေးကျင်းပ

**ဘောလခဲ ဇွန် ၂၈**

ကယားပြည်နယ် ဘောလခဲခရိုင် အမျိုးသမီးကော်မတီ အစည်း အဝေးကို ယနေ့နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနအစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဦးအောင်မြင့်စိုးက အမျိုးသမီး များအပေါ် အကြမ်းဖက်မှု ပပျောက်အောင် လုပ်ဆောင်ရာမှာ အလွန်အရေးကြီးကြောင်း၊ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် အမျိုးသမီး များအား အကြမ်းဖက်မှု ပပျောက် ရေး၊ ကာကွယ်ရေး၊ ဖွံ့ဖြိုးတိုတက် ရေးတို့အတွက် အသိပညာပေးပွဲ များ ကျင်းပရန်အတွက် ဝိုင်းဝန်း ဆွေးနွေးပေးကြရန် ပြောကြား သည်။

ဆက်လက်၍ အမျိုးသမီး ကော်မတီအတွင်းရေးမှူးက အမျိုး သမီးကော်မတီလုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး တက်ရောက် လာသူကော်မတီဝင်များက လုပ်ငန်း ကဏ္ဍအလိုက်ဆွေးနွေးတင်ပြခဲ့ရာ ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ က လုပ်ငန်းများ ပူးပေါင်းဆောင်ရွက် နိုင်ရေး ဆွေးနွေးပြောကြားခဲ့ ကြောင်း သိရသည်။

**ဖိုးရယ်**

# ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စနစ်မှ မိုးသီးနှံစိုက်ဧက ၁၂၀၀ အတွက် ရေပေးဝေ

**ဆိပ်ဖြူ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာ အုပ်စု အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စနစ်မှ မိုးစပါး နှင့် အခြားသီးနှံ စုစုပေါင်း လျာထားစိုက်ဧက ၁၂၀၀ အတွက် စိုက်ပျိုးရေပြည့်ဝစွာရရှိရေး ဆောင်ရွက်ပေး လျက်ရှိသည်။

**လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်**

အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်က ဧရာဝတီမြစ်မှ ရေခေါ်မြောင်း တစ်ခု၊ ရေဝပ်ကျင်းနှင့် ပင်မမြောင်း တစ်ခု၊ ထပ်ဆင့်ရေတင် သုံးခု၊ လက်တံမြောင်း ၁၀ ခုဖြင့် မိုးစပါး ဧက ၅၂၀နှင့် အခြားသီးနှံ ဧက ၆၈၀ စုစုပေါင်း စိုက်ဧက ၁၂၀၀ ကို စိုက်ပျိုးရေပေးနိုင်ရန် လျာထား ဆောင်ရွက်ထားရှိပြီး တောင်သူများအနေဖြင့် အချိန်မီ စိုက်ပျိုးနိုင်ရေးလိုအပ်သည်များ ပြင်ဆင်ဆောင်ရွက် ထားရန် စိုက်ပျိုးရေပေးဝေရေးကော်မတီအဖွဲ့မှ ကြိုတင်အသိပေးဆောင်ရွက်ထားရှိကြောင်း၊ မိုးသီးနှံ အတွက် စိုက်ပျိုးရေနှုန်းထားမှာ ယခင်နှစ်များအတိုင်း စပါးတစ်ဧက ကျပ် ၆၀၀၀၊ အခြား သီးနှံအတွက် ကျပ် ၃၀၀၀ သတ်မှတ်ထားရှိကြောင်းသိရသည်။

**ကိုဇွဲ(အညာမြေ)**



# မတ္တရာမြို့နယ်၌ ဆည်တော်လေးဆည်အတွင်းသို့ ငါးမျိုးကောင်ရေ ငါးသိန်း စိုက်ထည့်

**မတ္တရာ ဇွန် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မတ္တရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီး၍ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်လေးဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈နာရီက ကျင်းပခဲ့သည်။

အဆိုပါဆည်အတွင်းသို့ ရေနံ့သာငါးလုပ်ငန်းစခန်းမှထုတ်လုပ်သော ငါးမြစ်ချင်း ငါးမျိုးကောင်ရေ ၁၅၀၀၀၀ နှင့် ငါးခုံးမကြီး ငါးမျိုးကောင်ရေ ၁၅၀၀၀၀၊ သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း ငါးမျိုးကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီး ငါးမျိုးကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးမျိုးကောင်ရေ ငါးသိန်းခန့်အား မတ္တရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမောင်မောင်သန်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှူး ဦးဇော်လင်းသိန်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှူး ဦးတင်မြင့်အောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းသန့်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆည်တော်ကြီး ရေလှောင်တမံမှ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရေနံ့သာငါးလုပ်ငန်းစခန်းမှ တာဝန်ခံများနှင့် ဝန်ထမ်းများ စုပေါင်းစိုက်ထည့်ခဲ့ကြသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကော့သောင်း ဇွန် ၂၈**

ကော့သောင်းမြို့ စစ်ဗျူဟာမှူး၊ ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာအုပ်စု ခရူကျွန်း၊ ရွာသာယာကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေအေးချမ်းတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ကော့သောင်းမြို့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ဇော်လင်း၊ ကော့သောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုနှင့် အဖွဲ့ဝင်များသည် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျေးရွာအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကျေးရွာအလယ်တန်းကျောင်း(ခွဲ) အတွက် လိုအပ်သည့် ဆရာဆရာမများ အမြန်ဆုံးပြန်လည်ခန့်ထားနိုင်ရေး၊ ကျေးရွာလုံခြုံရေးကိစ္စများ သတိပြုဆောင်ရွက်ကြရန်၊ ကျေးရွာအတွင်း မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်ဆူပူမှုများ မဖြစ်ပေါ်စေရေး လက်နက်ခဲယမ်းများဝင်ရောက်မှုမရှိစေရေးနှင့် ပင်လယ်ရွာဖြစ်သည့်အတွက် ရေလမ်းခရီးမှ တရားမဝင် ဘင်္ဂါလီလူမျိုးများ ဝင်ရောက်မှုမရှိစေရေး ကျေးရွာတာဝန်ရှိအုပ်ချုပ်ရေးအဖွဲ့ဝင်များအနေဖြင့် သတိပြုဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် စစ်ဗျူဟာမှူးနှင့် ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ကျေးရွာအလယ်တန်းကျောင်း(ခွဲ) သို့ရောက်ရှိကာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေနှင့် ကျောင်းအဆောက်အအုံ အမိုးအကာလုံခြုံမှုရှိရေး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကာ ကျေးရွာပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့် ဆေးဝါးနှင့် တပ်မတော်ဆေးတပ်ဖွဲ့များပူးပေါင်း၍ ကျေးလက်ပြည်သူများအား ဆေးကုသမှုဆောင်ရွက်ပေးနိုင်ရန်နှင့် လျှပ်စစ်မီးရှိရေးကိစ္စများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ကျေးရွာတည်ထားသည့်ကျွန်းအား နယ်မြေလုံခြုံမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**




ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
**စာတည်း**




အပြည်ပြည်ဆိုင်ရာသမဝါယမနေ့
၂၀၂၁ ခုနှစ်၊ ဇူလိုင်လ(၃)ရက် (စနေနေ့)
#COOPSDAY 3 JULY
International Co-operative Alliance
" Rebuild Better Together "
"လူမှုစီးပွားပိုမိုတိုးတက်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်စို့"

# ချောင်းဆုံမြို့နယ် မဟာကန်တော်ကြီးအတွင်းသို့ ငါးမျိုးစိုက်ထည့်

**ချောင်းဆုံ ဇွန် ၂၈**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ချောင်းဆုံမြို့နယ် မဟာကန်တော်ကြီးအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၅ က ချောင်းဆုံမြို့နယ် မဟာကန်တော်ကြီးတွင် ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်း၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်နိုင်ဝင်း၊ မော်လမြိုင်ခရိုင်ဦးစီးမှူး ဦးလှမင်းဇော်၊ ချောင်းဆုံမြို့နယ် တာဝန်ခံနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ သထုံငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးဝင်းဗိုလ်နှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများတက်ရောက်၍ သထုံ ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ၂၀၀၀၀ နှင့် ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၁၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၃၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း




**ပျောက်ဆုံး**

ကျွန်တော် ကိုရန်လင်းနိုင် [၈/ရစက(နိုင်)၁၃၇၂၇၄]၏ နိုင်ငံကူးလက်မှတ်စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၄၃၀၇၃၆၆၅**

**သားရေနွယ်**

သားရေစစ်စစ် ဝယ်ယူလိုသူများ ဆက်သွယ်ပါ။ ဆိတ်သားရေဖြင့် ပြုလုပ်ထားသည့် သားရေနွယ်စစ်စစ်များ ဖြစ်ပါသည်။

**ဆက်သွယ်ရန်**

**၀၉-၇၉၀၉၇၀၉၇၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ညီညီဝင်းမြင့် [၁၂/ကမတ(နိုင်)၀၀၁၁၁၂]၏ SID ကတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၂၅၃၁၀၅**

**အများသိစေရန်ကြေညာခြင်း**

ဆိုင်အမှတ်(ရ၄၈)၊ စတုတ္ထထပ်၊ မင်္ဂလာဈေးသစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ဖြန့်ဖြူး ရောင်းချလျက်ရှိသော "Star Royal Cotton Roll" ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားဖြင့် ဂွမ်းလိပ်၊ ဂွမ်း၊ ဂွမ်းလုံး၊ ဗိုက်စည်း၊ လူနာသုံးလက်သိုင်း၊ လူနာသုံးပစ္စည်းအမျိုးမျိုးတို့ကို မြန်မာနိုင်ငံ တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချ လျက်ရှိပါသည်။ "Star Royal Cotton Roll" ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားသည် LOCAL HEALTHCARE SERVICE ၏ မူပိုင်အမှတ် တံဆိပ်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် (4/22711-2019) ဖြင့် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

Star Royal Cotton Roll

ဒေါ်သက်သက်ညွန့် (၁၂/ပဇတ (နိုင်) ၀၀၉၆ရ၁)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့

❂ **ကျောဖုံးမှ**

လက်တွေ့ဖော်ဆောင်ကြလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း ရွှေဈေးနှုန်းတည်ငြိမ်မှုသည် ပြည်တွင်းစားသောက်ကုန်နှင့် ယင်းနှင့်ဆက်စပ်နေသောစီးပွားရေးလုပ်ငန်းတို့ကို အကျိုးပြုနေသောကြောင့် ယနေ့ရွှေဈေးနှုန်း တည်ငြိမ်မှုမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ လည်ပတ်နိုင်မှုကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

**လက်ငင်းအရောင်းအဝယ်ဖြင့်သာ**

"ဒေါ်လာနဲ့ရွှေဈေးဟာ တစ်ဖက်နဲ့တစ်ဖက် ချိန်ဆပြီးရောင်းကြဝယ်ကြတာပါ။ ဒေါ်လာဈေးဟာလည်း ရွှေဈေးအပြောင်းအလဲပေါ်မှာ အဓိကလည်း ကျနိုင်ပါတယ်။ ဈေးနှုန်းတည်ငြိမ်အောင် ဆက်လက်ထိန်းသိမ်းသွားမှာပါ။ ရွှေရှိမှ ရောင်း၊ ငွေရှိမှဝယ်ပုံစံနဲ့ ရွှေထိငွေထိလက်ငင်းအရောင်းအဝယ်လုပ်ဆောင်နေပါတယ်။ ပြည်တွင်းရွှေဈေး တည်တည်ငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်မယ်လို့ မှန်းပါတယ်။ ပြီးတော့ အသင်းအနေနဲ့ ရွှေကို ကြိုရောင်းကြိုဝယ်ပုံစံကို ခွင့်မပြုဘဲ လက်ငင်းအရောင်းအဝယ်ဘဲ ခွင့်ပြုထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

**ရွှေဈေးနှုန်းတည်ငြိမ်နေ**

မြန်မာ့ရွှေဈေးမှာ ဧပြီနောက်ဆုံးပတ်က တစ်ကျပ်သားလျှင် ငွေကျပ် ၁၇၁၀၀၀၀ ထိ ဈေးရှိခဲ့ပြီး ယနေ့ပေါက်ဈေးမှာ ညနေပိုင်းတွင် ငွေကျပ် ၁၅၇၂၀၀၀ ဈေးဖြင့် တည်ငြိမ်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံရေး အပြောင်းအလဲနှင့် ကမ္ဘာ့ဘဏ်စနစ်များ ပြောင်းလဲမှုအပေါ် ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးမှာ ပြောင်းလဲတတ်ပြီး ရွှေဈေးနှုန်းကို လပိုင်းနှင့် နှစ်ပိုင်းအတွက် ခန့်မှန်းလေ့မရှိဘဲ တစ်ပတ်အတွင်းသာ ရွှေဈေးနှုန်းအပြောင်းအလဲကို အရောင်းအဝယ်တွင် ခန့်မှန်းလေ့ရှိသည်။ ရွှေကိုဝယ်ယူစုဆောင်းတတ်ခြင်းသည် မြန်မာတို့၏ ဓလေ့တစ်ခုဖြစ်သော်လည်း ပုံမှန်ထက် ဝယ်ယူစုဆောင်းမှုမှာ နိုင်ငံ၏စီးပွားရေးကို ထိခိုက်နိုင်မှုအပေါ် ဝိုင်းဝန်းသတိပြုရမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရွှေဈေးတည်ငြိမ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ လတ်တလောတွင် မြန်မာ့ရွှေဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**သတင်း- ညိမ်းသူ**

**ဓာတ်ပုံ- ကနူး**

❍ **ဆီးဂိမ်းပြိုင်ပွဲမှ**

မြန်မာ ယူ-၂၂ အသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းမှ အသက်မီသည့် ကစားသမားများကို အခြေခံကာ ကစားသမားသစ်များဖြင့် ပြန်လည်ဖွဲ့စည်း သွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း ဆီးဂိမ်းပြိုင်ပွဲအပြင် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းခြေစစ်ပွဲမှာလည်း ကျင်းပမည့်ရက် အတည်ပြုခြင်း မရှိသေးကြောင်း သိရသည်။ **ကိုညီလေး**

✻ **ပေါ်တူဂီမှ**

ဘယ်လ်ဂျီယံအသင်းနဲ့ ပေါ်တူဂီအသင်းတို့ပွဲစဉ်မှာ နှစ်သင်းစလုံးဟာ ကွာတားဖိုင်နယ်အဆင့် တက်လှမ်းနိုင်ရေးအတွက် အကောင်းဆုံးခြေစွမ်းပြ ကစားခဲ့ပေမယ့် ဘယ်လ်ဂျီယံအသင်းက ပွဲကစားချိန် ၄၂ မိနစ်မှာ သော်ဂန်ဟာဇက်ရဲ့ သွင်းဂိုးရရှိခဲ့တာကြောင့် ဘယ်လ်ဂျီယံအသင်းက ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**မှတ်တမ်းဝင်ခဲ့**

ပေါ်တူဂီအသင်းနဲ့ ပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့တဲ့ သော်ဂန်ဟာဇက်ဟာ အခုပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းရဲ့ အကောင်းဆုံးခြေစွမ်းပြကစားနိုင်တဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာလည်းဖြစ်ပါတယ်။

ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ အခြားသော ၁၆ သင်းအဆင့်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ နယ်သာလန်အသင်းနဲ့ ချက်အသင်းတို့ပွဲစဉ်မှာတော့ ချက်အသင်းက နယ်သာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ချက်အသင်းအတွက်သွင်းဂိုးတွေကို ပွဲကစားချိန် ၆၈ မိနစ်မှာ ဟိုးလက်စ်ကလည်းကောင်း၊ ပွဲကစားချိန် မိနစ် ၈၀ မှာ ပက်ထရစ်ရှစ်ကလည်းကောင်းသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နယ်သာလန်အသင်းဟာ ချက်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာဟာ ပွဲကစားချိန် ၅၅ မိနစ်မှာ အသင်းအတွက်အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ဒီလစ်ဟာ တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာကြောင့်ဖြစ်ပြီး တစ်ယောက်လျော့နဲ့ မကစားရမီက ချက်အသင်းကို နယ်သာလန်အသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ချက်အသင်းဟာ နယ်သာလန်အသင်းကို အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်တာကြောင့် ကွာတားဖိုင်နယ်အဆင့်မှာ ဒိန်းမတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။ **ငွေကြယ်**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်ဖြင့်ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါအဆောက်အဦးများအားတာဝန်ယူဆောင်ရွက်ခဲ့သောကော်မတီမှ အသိအမှတ်ပြုကန်ထရိုက်တာလိုင်စင်ရ ဦးလှညို(LC-843)သည် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူဒေါ်အေးမိုးလှိုင်(၁၂/တမန(နိုင်)၀၇၄၃၉၅)မှ ၎င်းအဆောက်အဦးများဆောက်လုပ်ခြင်းအတွက်ပေးသွင်းထားသောအာမခံကြေးငွေများအား ထုတ်ယူခွင့်ပြုပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

| စဉ် | အဆောက်အဦးလိပ်စာ | မြေရှင်အမည် | အဆောက်အအုံဆောက်လုပ်ခွင့်ရ ကန်ထရိုက်တာအမည် | ကန်ထရိုက်တာလိုင်စင်အမှတ် |
|---|---|---|---|---|
| ၁ | အမှတ်-၂၇၊ မာလာလမ်း (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ | ဒေါ်သီတာအေးမြင့် | ဦးလှညို | LC-843 |
| ၂ | အမှတ်-၇၉၊ ၁၅၆-လမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်။ | ဦးအာဆော်ထိန်း | ဦးလှညို | LC-843 |
| ၃ | အမှတ်-၆၊ ၁၆၃-လမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်။ | ဒေါ်လှမြင့် | ဦးလှညို | LC-843 |
| ၄ | အမှတ်-၂၅၊ အောင်သုခလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ်။ | ဦးကျင်အေး | ဦးလှညို | LC-843 |
| ၅ | အမှတ်-၁၇၅၊ နဝဒေး(၂)လမ်း၊ လမုတန်းရပ်ကွက်၊ဒေါပုံမြို့နယ်။ | ဦးသောင်း | ဦးလှညို | LC-843 |
| ၆ | အမှတ်-၄၀၊ ဈေးကလေး(၆)လမ်း၊ အထက်ဈေးကလေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။ | ဒေါ်စောမြင့် | ဦးလှညို | LC-843 |
| ၇ | အမှတ်-၁၀၊ အောင်မင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ဒေါပုံမြို့နယ်။ | ဦးမောင်မောင် | ဦးလှညို | LC-843 |

ဌာနမှူး(အဆောက်အဦးဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့)

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/မြို့မအနောက်ရပ်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၀၀၇၄)၊ ဦးကိုကိုအေး[၁၂/တကန(နိုင်)၀၀၈၆၃၇]၊ အဖအမည် ဦးစိန်ဒုန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဖုန်းမြင့်ဇော်[၉/ခအဇ(နိုင်)၀၀၆၃၀၃]၊ အဖအမည် ဦးချစ်ကိုမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၅၁/၂၀၁၅)တင်ပြ၍ ဒေါ်ဟေမာအောင်[၉/မခန(နိုင်)၁၉၅၅၃၁] နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**












Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာများကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ကို မြန်မာငွေကျပ်ဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ရုံးဖွင့်ရက် (၁၁-၆-၂၀၂၁)မှ (၁၂-၇-၂၀၂၁)ထိ
တင်ဒါပုံစံတင်သွင်းမည့်ရက် - ရုံးဖွင့်ရက် (၁၁-၆-၂၀၂၁)မှ (၁၂-၇-၂၀၂၁)ထိ
တင်ဒါပုံစံရောင်းချမည့်အချိန် - ရုံးဖွင့်ရက် (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီထိ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ COVID-19 ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ အကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၀၅၈၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## ဦးကံမြင့်[၉/ပမန(နိုင်) ၀၉၈၅၂၄]နှင့် အများသိစေရန်

**ဦးကံမြင့်** သည် ဒေါ်ကြည်အေးမြင့်[၁၂/ဥကတ(နိုင်)၁၁၀၈၄၉]ပိုင်ဆိုင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ အမှတ်-၈၂၉/က ဟု ခေါ်တွင်သည့် လုံးချင်း(၄)ထပ်ခွဲတိုက်အား (၁၈-၂-၂၀၂၀)ရက်စွဲပါ ကတိစာချုပ်ချုပ်ဆိုပြီး ငွေအချို့အဝက်ပေးချေကာ (၁-၈-၂၀၂၀)ရက်မှ (၃၁-၁-၂၀၂၀)ရက်အထိ ငှားရမ်းသုံးစွဲခဲ့ပါလျက် ကျန်ငှားရမ်းခငွေများကို ထပ်မံပေးချေခြင်းမရှိခဲ့ပါ။ ငှားရမ်းကာလကုန်ဆုံးပြီးနောက်တွင်လည်း ငှားရမ်းပစ္စည်းကို ပြန်လည်အပ်နှံခြင်းမရှိသည့်အပြင် ယနေ့ထိ လူချင်းသော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း တွေ့ဆုံ၊ ပြောဆို၊ ဆက်သွယ်ဆောင်ရွက်ခွင့်လည်းမရရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျန်ငှားရမ်းခငွေကြေးများနှင့်တကွ ငှားရမ်းပစ္စည်းကို လာရောက်အပ်နှံရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမပြုပါက သက်ဆိုင်ရာလူကြီးများရှေ့မှောက်တွင် ငှားရမ်းပစ္စည်းအား ပြန်လည်ရယူမည်ဖြစ်ပြီး၊ ဦးကံမြင့်ပိုင်ပစ္စည်းကျန်ရှိလျှင်လည်း စွန့်ပစ်ပစ္စည်းဟုမှတ်ယူမည်ဖြစ်ကြောင်းနှင့် ကျန်ငှားရမ်းခများအတွက် သက်ဆိုင်ရာတွင် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကြည်အေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| **ဦးထက်ကို(LL.B)** | **ဦးနေလင်းထွန်း(LL.B)** | **ဦးထက်ဦးလွင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၁၆၂၄/၂၀၁၃)** | **(စဉ်-၅၂၆၇၁/၂၀၂၀)** | **(စဉ်-၅၂၆၆၆/၂၀၂၀)** |
| **ဖုန်း-၀၉-၇၈၅၅၈၄၃၀၇** | **ဖုန်း-၀၉-၂၅၂၃၀၅၂၆၉** | **ဖုန်း-၀၉-၂၅၀၀၂၁၇၀၈** |

**အမှတ်-၉၉၊ ပထမထပ်(ဘယ်)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀.B)၊ မြေကွက်အမှတ်(၅၂၄.F/၁)၊ ဧရိယာ(၀.၄၈၇)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေပိုင်မြေကွက် (မြေကွက်လိပ်စာ-**အမှတ်(၁၁-စီ)၊ ကမ္ဘာအေးဘုရားလမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**)ဟုခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မြေပိုင်မြေအဖြစ် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**ရုံးခန်း(၅)၊ ပထမထပ် Strand Condominium၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၄/၂၁)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသော (၅)ထပ်တိုက်မှ (၅)လွှာ၊ အကျယ်အဝန်း ပေ(၁၄.၅x၄၅.၅)အကျယ်ရှိ တိုက်ခန်းကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော မခင်သန္တာအောင်[၁၃/သနန(နိုင်)၀၃၇၈၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးမြင့်[၁၀/ခဆန(နိုင်)၁၂၁၄၃၁]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ တစ်ပတ်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်လှိုင်ကျော်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၄၁)**
**အမှတ်(၁၉၂/A)၊ မြို့ပတ်လမ်း၊ အင်းစိန်။ ဖုန်း-၀၉-၄၂၁၀၇၈၀၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၃)လမ်း၊ အမှတ်(၄၂၆)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသော(၅)ထပ်တိုက်မှ (၄)လွှာ၊အကျယ်အဝန်း(၁၉x၅၅)ပေအကျယ်ရှိ တိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်နီ[၁၂/မရက(နိုင်)၁၄၁၇၃၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နိုင်နိုင်ဦး[၁၂/လမတ(နိုင်)၀၀၂၃၈၁]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ တစ်ပတ်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နိုင်နိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်လှိုင်ကျော် (LL.B.,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၄၁)**
**အမှတ်(၁၉၂/A)၊ မြို့ပတ်လမ်း၊ အင်းစိန်**
**ဖုန်း-၀၉၄၂၁၀၇၈၀၉၁**

## ဖခင်အမည်မှန်

ပြည်မြို့ အထက ရွှေတံခါး၊ ဒသမတန်း(B)မှ မောင်ဟိန်းသန့်စိုးနှင့် စတုတ္ထတန်း(A)မှ မောင်ခန့်သီဟတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကျော်[၁၂/မဘန(နိုင်)၀၉၄၇၂၄] ဖြစ်ပါကြောင်း။ **ဦးမြင့်ကျော်**

## အမည်ပြောင်း

ပြည်မြို့၊စာတိုက်တန်းလမ်း၊ အမှတ်(၇၇၃)နေ ဦးသိန်းထွန်းဝင်း [၇/ပမန(နိုင်)၁၀၄၁၀၄]၏ သမီး (မူလွန်) ကျောင်းကြီးရပ် ပထမတန်း (B)မှ မဖြိုးရတီထွန်းအား ယနေ့မှစ၍ မဖြိုးရတီကို ဟု ပြောင်းလဲခေါ်ပါရန်။ **မဖြိုးရတီကို**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄/တောင်၊ မြေကွက်အမှတ်-၆၇၉၊ မြေဧရိယာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်-၆၇၉၊ အောင်မေတ္တာလမ်း၊ (၄/တောင်) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဝင်းရှိန်[၁၂/သကတ(နိုင်)၀၇၆၂၈၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းရှိန်(ဖခင်)၊ ဒေါ်ခင်မြင့်(မိခင်) တို့ အသီးသီး ကွယ်လွန်ကြသဖြင့် သားသမီးများ ဖြစ်သော ဒေါ်ခင်မာချို [၁၂/သကတ(နိုင်)၁၁၃၁၄၆]၊ ဦးသက်ဦး[၁၂/သကတ(နိုင်)၀၃၈၀၄၁]၊ ဦးသန်းရွှေ[၁၂/သကတ(နိုင်)၀၇၆၆၆၈]၊ ဦးကျော်ကျော်[၁၂/သကတ(နိုင်) ၂၂၉၃၈၈]၊ ဒေါ်အေးအေးသွယ်[၁၂/သကတ(နိုင်)၁၄၇၆၈၀]တို့ထံမှ GP ၁၂၃၆၅/၂၀၂၀(၂၈-၁၂-၂၀၂၀)နှင့် GP ၅၉၈၂/၂၀၂၀(၂-၁၂-၂၀၂၀)ရသူ ဒေါ်ဇင်ဇင်နိုင်[၁၂/သကတ(နိုင်)၁၅၃၂၉၀]၊ ဦးအောင်နိုင်စိုး [၁၁/မအန(နိုင်)၀၃၀၃၉၉]တို့မှ ကျမ်းကျိန်လွှာ၊ ထပ်ဆင့် ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စု လူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ လူနေရပ်ကွက်အမှတ်-(ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ Bamboo Grove Villas)၊ မြေကွက်အမှတ်(၁၀၅/A)၊ အိမ်အမှတ်(၃)၊ အကျယ်အဝန်း(၀.၁၇၅)ဧက(၇၆၃၉.၅၅ စ/ပ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မာလာ[၇/ပခန(နိုင်)၁၇၀၆၅၅]က တရားဝင်အမည်ပေါက် မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းပါကြောင်း ကိုယ်တိုင်ဖွင့်ဟဝန်ခံပါသည်။ အဆိုပါမြေကွက်နှင့်အိမ်အရောင်းအဝယ်ကိစ္စများအား ဒေါ်ခင်မာလာ၏ကိုယ်စား ဆောင်ရွက်ပေးနိုင်ရန်အတွက် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးတွင် (၂၂-၃-၂၀၂၁)ရက်စွဲဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်ဝါဝါရွှေ[၁/မကန(နိုင်)၀၃၃၃၁၃]က အထက်ဖော်ပြပါ မြေကွက်၏ နှစ်(၆၀)မြေငှားဂရန်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာမူရင်းများကိုတင်ပြပြီး အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်၊ အိမ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**ရုံးခန်း(၅)၊ ပထမထပ် Strand Condominium၊ အမှတ်(၃၃/၄၉)၊မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၉၂၁၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၆၇

| | | |
|---|---|---|
| ၁။ ဦးတင်မောင်သိန်း | နှင့် | ၁။ ဦးအေးဖေ |
| ၂။ ဒေါ်ညိုညို | | ၂။ ဒေါ်ဖုံချီလွမ်(ခ)ဒေါ်မိုး |
| ၃။ ဦးတင်အောင်လွင် | | |
| ၄။ ဒေါ်ယုယုသိန်း | | |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိနန္ဒာလမ်း၊ အမှတ်-၂၂၉ နေ ဦးအေးဖေနှင့် ဒေါ်ဖုံချီလွမ်(ခ)ဒေါ်မိုး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက "မြေနှင့်အိမ်အားအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ (၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းမြမြစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၁၁၅၀)၊ အကျယ်အဝန်း ပေ(၄၀x၆၀)၊ ဧရိယာ ၀.၀၅၅ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်အမည်ပေါက် ဒေါ်အေးသောင်းဝေ[၈/မထန(နိုင်)၀၀၁၀၁၈]ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသော ဦးထိန်လင်း[၇/နတလ(နိုင်)၀၁၂၂၈၂]ထံသို့ ကျွန်တော် ဦးဟန်စိုး[၁၂/မရက(နိုင်)၀၅၁၉၃၅]မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဖြစ်ပါက အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်တော့်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်စိုး[၁၂/မရက(နိုင်)၀၅၁၉၃၅]**
**Ph:09-73196282,09-955294799**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၆၉၃)၊ အကျယ်အဝန်း အလျား(၄၀)ပေx အနံ(၆၀)ပေရှိ ဒေါ်ရီရီဆွေ[၁၂/ရကန(နိုင်)၀၅၆၀၅၈]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်အပါအဝင် ယင်းမြေအိမ်တို့နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်ုပ်မိတ်ဆွေက (၂၄-၆-၂၀၂၁)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်လျက် စရန်ပေးစာချုပ်ချုပ်ဆိုခဲ့ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်နေ့မှ (၃)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မျိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မြင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၁၀၄၄)**
**အမှတ်(၈၃)၊ အခန်း(၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
( ၉ ) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူး လှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၃၃၅၆၀၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆



ဘယ်လ်ဂျီယံအသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။

# ပေါ်တူဂီအသင်းကို အနိုင်ရရှိခဲ့သည့် ဘယ်လ်ဂျီယံအသင်း ကွာတားဖိုင်နယ်တွင် အီတလီအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေ

ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့် အကောင်းဆုံးပွဲစဉ်တစ်ပွဲအဖြစ် ဇွန် ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘယ်လ်ဂျီယံအသင်းနဲ့ ပေါ်တူဂီအသင်းတို့ ပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းက ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဘယ်လ်ဂျီယံအသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ အီတလီအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၂ သို့ ✻

## ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ကာလအပေါ်မူတည်၍ မြန်မာ ယူ-၂၂ အသင်း ပြင်ဆင်မည်

ရန်ကုန် ဇွန် ၂၈

မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းသည် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့်ကာလ အပေါ်မူတည်၍ စခန်းဝင်လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

**ရွှေ့ဆိုင်းရန်စီစဉ်နေ**

၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဗီယက်နမ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းရန် စီစဉ်နေပြီး ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ ယူ-၂၂ အသင်းအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့်ရက် အတည်ပြုပြီးမှသာ ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲကို နှစ်ကြိမ်ဆက်ကိုင်တွယ်ခွင့်ရရှိခြင်းလည်းဖြစ်သည်။ ပိုပေါ့ဗ်သည် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ ယူ-၂၂ အသင်းကို ကြေးတံဆိပ်ရအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○

## ကြေးမုံ ယနေ့ ဖတ်စရာ

**ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၆၅၀ ရှိ**

စာမျက်နှာ » ၁၂

**နမ့်ခမ်းမြို့၌ ငြိမ်းချမ်းစွာ လှည့်လည် ဆန္ဒထုတ်ဖော်နေသည့် ဒေသခံ တိုင်းရင်းသား ပြည်သူများအား SSPP/SSA(ဝမ်ဟိုင်း)အဖွဲ့က လက်နက်ငယ်၊ လက်ပစ်ဗုံးများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်**

စာမျက်နှာ » ၁၄

**မြို့နယ်အချို့၌ အကြမ်းဖက်သူအုပ်စုများက အေးချမ်းစွာနေထိုင်သော ပြည်သူများကို "သတင်းပေး"ဟု စွပ်စွဲပြောဆိုကာ ရန်ပြုခြင်း၊ နေအိမ်များအား ဖျက်ဆီးခြင်းများ ပြုလုပ်**

စာမျက်နှာ » ၁၅

## မြန်မာ့ရွှေဈေးနှုန်းတည်ငြိမ်နေ

ရန်ကုန် ဇွန် ၂၈

**အခြေခံစားသောက်ကုန်မဟုတ်သော်လည်း လူသုံးကုန်ပစ္စည်းတွင်အရေးကြီးသော ကုန်ပစ္စည်းတစ်ခုအဖြစ် ယနေ့တိုင်ကမ္ဘာတစ်ဝန်းတွင် ရွှေကို စံနှုန်းတစ်ခုအဖြစ်အသုံးပြုလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြန်မာ့ရွှေဈေးနှုန်းမှာ ယခင်လများထက် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။**

**အထောက်အပံ့ဖြစ်စေ**

ကိုဗစ်-၁၉ ပထမလှိုင်းတွင် ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂ သိန်းကျော်ရှိခဲ့ပြီး ဒုတိယလှိုင်းတွင် ငွေကျပ် ၁၅ သိန်းကျော်ထိ တရိပ်ရိပ်မြင့်တက်ခဲ့ရာ ယခုအခါ ပြန်လည်တည်ငြိမ်မှုဖြင့် ရွှေဈေးနှုန်း လည်ပတ်လျက်ရှိသည်။

ကမ္ဘာ့ဒေါ်လာဈေးနှင့် ရွှေဈေးနှုန်းအတက်အကျမှာ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအတက်အကျကို သွယ်ဝိုက်၍ သက်ရောက်မှုရှိပြီး သက်ဆိုင်ရာနိုင်ငံအလိုက် ထိန်းချုပ်ဆောင်ရွက်နိုင်မှုဖြင့် ထိုနိုင်ငံတို့၏ စီးပွားရေးပုံမှန်လည်ပတ်နိုင်မှုကို

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❂



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၈

| | | | |
|---|---|---|---|
| မြစ်ကြီးနား | ၄ ဒသမ ၆၄ လက်မ | ပဲခူး | ၁ ဒသမ ၈၁ လက်မ |
| ပေါင် | ၃ ဒသမ ၉၈ လက်မ | ချောင်းဆုံ | ၁ ဒသမ ၆၁ လက်မ |
| ဘီးလင်း | ၃ ဒသမ ၃၉ လက်မ | ကော့ကရိတ် | ၁ ဒသမ ၄၉ လက်မ |
| ကျိုက္ခမီ | ၂ ဒသမ ၄၈ လက်မ | ပိုင်ကျုံ | ၁ ဒသမ ၄၅ လက်မ |
| သိမ်ဇရပ် | ၂ ဒသမ ၁၇ လက်မ | သံတွဲ | ၁ ဒသမ ၂၆ လက်မ |